# မြန်မာပြည်သား စာစောင်

**THE BURMESE MONTHLY JOURNAL**

အတွဲ ၁၆– အမှတ် ၃ | Vol 16, No.3 | May, 2016 | မေလ ၂၀၁၆


## ပန်းရောင်ကတ်အတွက် "ထိုင်းပြည်ထဲရေးဝန်ကြီးဌာန ကြေညာစာ" အပေါ်တွင် ထိုင်းနိုင်ငံလုံးဆိုင်ရာ မြန်မာရွှေ့ပြောင်းအလုပ်သမား ကွန်ရက် (MMNT) အထွေထွေ အတွင်းရေးမှူး၏ သဘောထား



**(MOEAF THAI**– မေလ ၆ ရက် ၂၀၁၆)

ယခုအခါ ယာယီပတ်စ်ပို့ လေး နှစ်သက်တမ်းကုန်ဆုံး သူများနှင့် ခြောက်နှစ်သက်တမ်းကုန်ဆုံး သူများအတွက် ပန်းရောင်ကတ်များ ထုတ်ပေးလျှက်ရှိရာ ယင်းပန်းရောင်ကတ် ကိုင်ဆောင်သူများ သိစေရန် ထိုင်းပြည်ထဲရေးဝန်ကြီးဌာနက ကြေညာချက်တရပ်ကို ဧပြီလ ၂၉ ရက်နေ့က ထုတ်ပြန် ထား သည်။ "ထိုင်းပြည်ထဲရေးဝန်ကြီးဌာန ကြော်ငြာစာ" ပန်းရောင် ကတ် (ယာယီနေထိုင် အလုပ်လုပ်ကိုင်ခွင့်) တွေကို ပြုလုပ်ပေး သော ထိုင်းပြည်ထဲရေးဝန်ကြီးဌာန၏ ဧပြီလ (၂၉) ရက်နေ့ ကြော်ငြာစာအရ... ပန်းရောင်ကတ် ကိုင်ထားသူများ ခရီးသွားနိုင်သည့်အချက် (၅) ချက်မှာ...

(၁) အိမ်ဖော်တွင် မိမိအလုပ်ရှင်ယောကျာ်း (သို့) မိန်းမနှင့်အတူ ခရီးသွားနိုင်သည်။

စာမျက်နှာ... ၁၁ သို့

## ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမားများ သိထားသင့်သည့် အချက်အလက်များ




၁၊ ပန်းရောင်ကဒ် **(TR-38)** တို့ ရောကဒ်တို့ ထောလောဆမ်ပက်တို့ ဆိုတာ ထိုင်းအစိုးရက ထိုင်းနိုင်ငံရဲ့ တည်ဆဲဥပဒေများအရ ထုတ်ပေးတဲ့ မှတ်ပုံတင်ပဲဖြစ်ပါတယ်။ အဲဒီမှတ်ပုံတင်ကိုင် ဆောင်တဲ့သူများကို နိုင်ငံသားဖြစ်ခွင့်မရှိသူ၊ မိခင်နိုင်ငံသို့ နယ်နှင်ဒဏ်ပေးရန် စောင့်ဆိုင်းနေစဉ် သက်ညှာသောအားဖြင့် နေထိုင်ခွင့်ပြုခြင်းခံရသူများ အုပ်စုလို့ သတ်မှတ် ထားတယ်။

၂၊ အဲဒီမှတ်ပုံတင်ဟာ ထိုင်းနိုင်ငံထဲ ခိုးဝင်လာတဲ့ မြန်မာ–လာအို–ကမ္ဘောဒီးယား နိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားတွေအတွက်ပဲ ထုတ်ပေးတာပါ။ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ထွေ၊ အုပ်ဌာနက ထုတ်ပေးတာဖြစ်ပြီး မြန်မာနိုင်ငံက မှတ်ပုံတင်ရုံးလိုပါပဲ။ ခိုးဝင်လာတဲ့သူတွေကို တရားဝင်ဖြစ်အောင် အဲဒီလိုမှတ်ပုံတင်ထုတ်ပေးခဲ့တာ အနည်းဆုံး (၈) ကြိမ်လောက်ရှိနေပြီ။ ထိုင်းနိုင်ငံထဲမှာ ရောက်နေပြီးဖြစ်တဲ့ ခိုးဝင်လာသူတွေကို မှတ်ပုံတင်ပေးမယ်လို့ တစ်ကြိမ်ကြေညာလိုက်တိုင်း သိန်းနဲ့ချီတဲ့လူတွေဟာ နည်းမျိုးစုံနဲ့ ခိုးဝင်လာကြပြန်တယ်။ အဲဒီပြဿနာကို ထိုင်းအစိုးအဆက်

စာမျက်နှာ... ၁၁ သို့

**Established by since August, 2005**



### မိုးမျှော်တေး

ကဗျာ

စာမျက်နှာ– ၃ သို့...



### လူထုကျန်းမာရေး (ရေဖြင့်ကုရန်)

စာမျက်နှာ– ၄ သို့...




### ၂၀၁၆– ခု– မေလအတွက် ကံကြမ္မာဟောစာတမ်း

စာမျက်နှာ– ၅ မှ ၇ သို့...



### ကာတွန်း

စာမျက်နှာ (၁၆)သို့...

## အယ်ဒီတာ့ အတွေးနှင့်အရေး

# မြန်မာ– ထိုင်း နှစ်နိုင်ငံ ရွှေ့ပြောင်းအလုပ်သမားရေးရာ ညှိနှိုင်းအစည်းအဝေး နောက်ဆက်တွဲ ရလာဒ် ဘယ်လိုထွက်ပေါ်လာသလဲ။ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမား ၃ သန်းခန့်အတွက် ဘယ်လိုမျှော်လင့်ချက်တွေ ရှင်သန်လာနိုင်မလဲ




ယခုနှစ် အပိုင်းအခြားအတွင်း မြန်မာ– ထိုင်းနှစ်နိုင်ငံ ရွှေ့ပြောင်းအလုပ်သမားရေးရာ ကျွမ်းကျင်သူများ ညှိနှိုင်းအစည်းအဝေးများ ခပ်စိတ်စိတ်ကျင်းပပြုလုပ်လာတာ တွေ့မြင်ကြရသည်။ အခြားမကြည့်ပါနှင့်၊ ယခု ၂၀၁၆ ခုနှစ်အတွင်းကိုပင် ရှုစားပါအံ့။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်မြို့၊ ဖေဖော်ဝါရီလတွင် ချွန်ဘူရီ (ထိုင်း)၊ ဧပြီလ ၃၀ ရက်မှ မေလ ၂ ရက်နေ့အထိ နေပြည်တော်စသည်ဖြင့် ခပ်စိတ်စိတ် ကျင်းပလာခဲ့ကြသည်။ အနီ မြန်မာ– ထိုင်း နှစ်နိုင်ငံ ရွှေ့ပြောင်းအလုပ်သမားရေးရာ ကျွမ်းကျင်သူများ ညှိနှိုင်းအစည်းအဝေးများမှသည် မည်သို့သော ရလာဒ်ကောင်းများ ထွက်ပေါ်လာပါသနည်း။

ပန်းရောင်ကဒ် (ယာယီနေထိုင် အလုပ်လုပ်ကိုင်ခွင့် လက်မှတ်) ကိုင်ဆောင်ထားသူများသည် ၇ ရက် ခရီးသွားလာခွင့် ရရှိလာခြင်း၊ ၄ နှစ် ဗီဇာသက် တမ်း၊ ၆ နှစ် ဗီဇာသက်တမ်း၊ သေနေသူများသည် ပန်းရောင်ကဒ် ပြုလုပ်ခွင့် ရရှိလာခြင်း၊ ပန်းရောင်ကဒ်ကိုင်ဆောင်သူများထဲမှ မြန်မာပြည်ဘက်အခြမ်းမှ အမျိုးသားမှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းမရှိသူဖြစ်စေ၊ မပြည့်စုံသူဖြစ်စေ၊ တို့အတွက် ပြုလုပ်ပေးမည့် CI (မည်သူ မည်ဝါဖြစ်ကြောင်း သက်သေခံအထောက်အထား) စသည်တို့သည် ပြက်ပြက်ထင်ထင် တွေ့မြင်ကြရသည့် အနေအထားများဖြစ်သည်။

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားတို့သည် စာရွက်စာတမ်း အထောက်အထားအဟောင်းကို အသစ်သက်တမ်းတိုးပြုလုပ်ရာတွင် ဖြစ်စေ၊ စာရွက်စာတမ်းအထောက်အထားအသစ် ပြုလုပ်ရာတွင်ဖြစ်စေ၊ သတ်မှတ်ထားသော ကုန်ကျစရိတ်ကတမျိုး၊ အေဂျင်စီအတခုခုဖြင့် ဆက်သွယ်ပြုလုပ်ရသောကြောင့် ဆင့်ပွားကုန်ကျစရိတ်ကတသွယ်၊ သူဌေးအမည်ခံခက တနည်း၊ အကုန်ကြီး ကုန်နေသော အနေအထားများကိုကား မလျော့ချနိုင်ကြသေးပါ။ (ကုန်ကျစရိတ်သိသိသာသာ လျော့ကျသွားခြင်း မရှိသေးပါ။) သို့ဖြစ်လေရာ အထောက်အထားဟောင်းမှ အထောက်အထားအသစ်တို့ ပြုလုပ်ရာတွင်လည်း ကောင်း၊ အထောက်အထားအဟောင်းကို သက်တမ်းတိုးရာတွင်လည်းကောင်း၊ အမျိုးမျိုးသော ကုန်ကျစရိတ် စိတ်ဒဏ်ရာများကို မခံစားနိုင်ကြသည့် အချို့သော မြန်မာရွှေ့ပြောင်းအလုပ်သမားတို့မှာ မိမိတို့ လက်ဝယ်ရှိ အထောက်အထားများ သေသွားကြရ သည်ကို တွေ့ရသည်။

အကြောင်းကြောင်းသော အကြောင်းကြောင်းကြောင့် ထိုင်းနိုင်ငံတွင် မြန်မာရွှေ့ပြောင်းအလုပ်သမားအဖြစ် လာရောက်လုပ်ကိုင်နေကြသူတို့သည် အမိမြန်မာပြည်တွင် အလုပ်အကိုင်အခွင့်အလမ်းများ တစထက် တစ တိုးတက်ပြောင်းလဲပြီဖြစ်သဖြင့် အချိန်နှင့်တပြေးညီသတင်းအချက်အလက်များကို ရှာဖွေစူးစမ်းခြင်း၊ မိမိသိရှိသော သတင်းအချက်အလက်များကိုလည်း အခြားသော မိတ်ဆွေများထံ လက်ဆင့်ကမ်းခြင်း၊ မလွှဲမရှောင်သာပဲ ထိုင်းနိုင်ငံရှိ လုပ်ငန်းခွင် တခုခုတွင် ဝင်ရောက်လုပ်ကိုင်နေပါကလည်း မိမိလုပ်လက် စအလုပ်များကို လုပ်ကိုင်နေစဉ်မှာပင် ပြည်တော်ပြန်ရေးအတွက် အဆင်သင့် ဖြစ်နေအောင် ငွေစုဆောင်းခြင်းအပါအဝင် အထွေထွေပြင်ဆင်မှုများကို ယခုကတည်းက ဆောင်ရွက်ထားသင့်ကြပါကြောင်း မီးမောင်ထိုးပြလိုက်ရပါသတည်း။

***** ပြည်သူမပါ... အရာရာ... ဘာဆိုဘာမှ မပြီးနိုင်ပါ...။**

***** ပြည်သူသည်သာ... အခရာ... အရာရာကို ပြောင်းလဲနိုင်သည်...။**

***** ခွန်အားမျှဝေ... ဒို့တတွေသည်... မလွှဲမသွေ၊ ပြည်သူတွေအတွက်...။**

# သင်ရေး
# သင်ရ
# ကဗျာ
# စာမျက်နှာ

## မိုးမျှော်တေး



နွေနဲ့ဝေးဖို့
ပြေးခွာစို့လေ
မြေသင်းနံ့လေးရချင်တယ်။

မောင်လွမ်းဏီ

## နေကြာပန်းများ



အနီရောင်ရေသောက်မြစ်တွေဆီက
သူလာခဲ့တယ်။

ပွင့်ပြီးရင်ကြွေရမှာလည်း
သူသိခဲ့ပေရဲ့။

ကြွေပြီးရင်နွမ်းရမှာလည်း
သူသိခဲ့ပေရဲ့။

မလိုပါဘူး
သင်တို့ဆီက ဘာအကူအညီမှ မလိုပါဘူး။

နေမင်းကိုအံကြိတ်ရင်း
သူ့ကြည့် သတ္တိရှိတဲ့
မွှေးရနံ့တွေနဲ့၊

မိုးဃံးဇော်

---

## တစ္စေတကောင်ကို တွေ့ရှိခြင်း



ဘယ်အချိန်အခါပဲဖြစ်ဖြစ်
..အဝတ်အစား အသစ်တွေအောက်မှာ
...ငါတို့ဟာ ဝတ်လစ်စလစ်...

အောင်သာငယ်



# လူထုကျန်းမာရေး (ရေဖြင့်ကုရန်)

***Public Health***

မနက်အိပ်ယာထတဲ့အချိန် ရေတစ်ခွက်သောက်ရင်
ကိုယ်တွင်းအင်္ဂါတွေကို အလုပ်စလုပ်ဖို့
လှုံ့ဆော်ပေးနိုင်တယ်။

အစာ မစားမီ မိနစ် ၃၀ ခန့်မှာ ရေတစ်ခွက်သောက်ရင်
အစာချေဖို့ အကူအညီပေးနိုင်တယ်။

ရေမချိုးမီ ရေတစ်ခွက်သောက်ရင်
သွေးပေါင်ချိန်ကို လျှော့ချပေးနိုင်တယ်။

ညအိပ်ယာမဝင်မီ ရေတစ်ခွက်သောက်ပါက
နှလုံးဖောက်ပြန်ခြင်းနဲ့ လေဖြတ်ခြင်းတို့ကို
ကာကွယ်ပေးနိုင်ပါတယ်။



# ၂၀၁၆- ခု- မေလအတွက် ကံကြမ္မာဟောစာတမ်း

## တနင်္ဂနွေသားသမီးများအတွက်

အလုပ်နေရာ။ အိမ်နေရာ ပြင်ဆင်မွမ်းမံရခြင်း ပြောင်းရွှေ့ရခြင်း လုပ်ရတတ်သည်။ အိမ်သစ်ဆောက်လျှင် ကောင်းအချိန် ဖြစ်သည်။ လုပ်ငန်းအသစ်ပေါ်ခြင်း (သို့မဟုတ်) လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်သစ်များ၊ ပေါ်လာလိမ့်မည်။ လုပ်ငန်းနှင့် ပတ်သက်၍ နာမည်ကောင်းရခြင်း နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ လုပ်ရတတ်သည်။ အိမ်ထောင်မရှိ သူများ အိမ်ထောင်ကျတတ်သော ကာလဖြစ်သည်။ ဇာတာရှင်သည် ယောကျ်ားဖြစ်ပါက အိမ်ထောင်ကျလျှင် ကောင်းပါသည်။ မင်္ဂလာဆောင်လျှင် စည်ကားသော မင်္ဂလာဆောင်ဖြစ်မည်။ အိမ်ထောင်ပရိဘောဂ အိမ်သုံးပစ္စည်း ဝင်တတ်သည်။ သူခိုး၊ မျက်စေ့အကျခံရတတ်သော ကာလဖြစ်၍ သူခိုး အခိုးခံရတတ်ကြောင်း သတိ ပြုပါလေ။ ခရီးအကျိုးပေးသော ကာလဖြစ်ပါ သည်။ ဘုရားဖူးခရီး သွားရတတ်သည်။ ကွဲကွာ နေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံမည်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာ တတ်သည်။ အိမ်သို့ အတောင်ပါသော သတ္တဝါ များ ဝင်လာတတ်သည်။ ဝင်လျှင် နိမိတ် ကောင်းသည်။ သွပ် သံ သစ် စသော သောကြာ နံပစ္စည်းများ ဝင်လာတတ်သည်။ အထူးသတိ ပြုရန် မိတ်ဆွေရင်း လုပ်ဖော်ကိုင်ဘက်တို့က ဒုက္ခပေးတတ်သည်။ မြေကို အကြောင်းပြု၍ စိတ်ညစ် ရတတ်သည်။ မြေအဝင်မခံရပါ။ မြေဝင် လျှင် ကြာသပတေးနံ ထုတ်ပစ်ပါ။ ပညာရေးနှင့် ပတ်သက်သောပစ္စည်း လှူဒါန်းပါ။ ရွှေနှင့် အဖိုးတန် ရတနာပစ္စည်းများ ဝင်လာမည်။ ဘုရာဆင်းတုတော် စွယ်တော် ရုပ်ပွားတော်များ ကြွလာတတ်သည်။ လက်ဝတ် ရတနာများ ကျောက်ပြုတ်ထွက်ခြင်း ပျောက်ခြင်း၊ ဖြစ်တတ်သည်။ အလုပ်တွင် အတိုက်အခံ အပြိုင်အဆိုင် ကြီးစွာကြုံမည်။ အတိုက်အခံမှန်သမျှ အနိုင်ရမည်။ မိသားစု အကြီးအကဲ လုပ်ငန်းအကြီးအကဲ တို့ကြောင့် စိတ်ညစ်ရတတ်သည်။ အထူးသဖြင့် ဖခင် ကျန်းမာရေး ညံ့တတ်သည်။ ထီပေါက်သကဲ့သို့ ငွေများဝင်တတ်သည်။ ဤကာလအတွင်း ကောင်းကျိုးချမ်းသာများ ပိုမိုရရှိလာ စေရန်နှင့် အညံ့အခိုက်များ သက်သာပြေ ပျောက်စေရန် အောက်ပါယတြာများကို ဂရုစိုက်ပြုလုပ်ပါလေ။ အုန်းထမင်း၊ အုန်းနို့နှင့်ချက်ထားသော ဘဲသားဟင်းကို ဘုန်းကြီး လှူပါ။ တံခွန်းကုက္ကား မလေးပွား ဂြိုလ်တိုင်သက်စေ့လှူပါ။




## တနင်္လာသားသမီးများအတွက်

အလှူအတန်းကိစ္စများ မုချလုပ်ရမည်။ ငွေအစုလိုက် အပုံလိုက် ဝင်လာလိမ့်မည်။ မိမိ၏ အလုပ်မှ လည်းကောင်း၊ ထီပေါက်၍လည်းကောင်း ဝင်လာတတ်သည်။ ဤကာလမျိုး၌ သာမန် အခြေအနေမျိုးမှနေ၍ စီးပွားအရှိန်အဟုန်နှင့်တက်ကာ လက်ရှိအခြေအနေထက် အဆပေါင်းများ စီးပွားတက်လိမ့်မည်။ မိမိလုပ်ငန်းများကို အင်နှင့် အားနှင့် တိုးချဲ့လုပ်ကိုင်သင့်သော်လည်း ဖြတ်လမ်းမလိုက်ရန် သတိပေးလိုပါသည်။ မိမိအား ပြဿနာလုပ်နေသူများ ရှိလျှင် အဆင်ပြေသွားမည်။ မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်သွားမည်။ အဖိုးတန်ကျောက် မျက်ရတနာများ ဝင်မည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအတွက် သောကရောက်ရသော ကာလဖြစ်သည်။ အထက်လူကြီး၊ မိသားစု ကြီးကဲသူများကြောင့် စိတ်ညစ်ရမည်။ အတူနေမိသားစုထဲမှ အကြီးအကဲ အဘိုး အဘွားများအရေးဖြစ်တတ်သည်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သော ကိစ္စများ အကျိုးပေးအောင်မြင်မည်။ ခရီးများ မကြာခဏ ထွက်ရတတ်သည်။ ထိုခရီးများသည်လည်း အကျိုးပေး အောင်မြင်လိမ့်မည်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်းအခြေအနေ မြင်တတ်ခြင်း ကြုံရလိမ့်မည်။ ပညာရေးကိစ္စများ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်သည်။ ရွှေထွက်ခြင်း၊ ရွှေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်သည်။ အင်္ဂါနံ စိန်၊ စက်ပစ္စည်း ထွက်တတ်သည်။ ရွှေထည်ဝယ်လျှင် အသစ်များသာ ဝယ်သင့်သည် အပျက် အဟောင်း မဝယ်သင့်ပါ။ အထူးသတိပြုရန် အောက်လက်ငယ်သား သားသမီး ထွက်သွားခြင်း၊ ၄င်းတို့အတွက် သောကရောက်ရခြင်းများ ကြုံရတတ်သည်။ ဆီးရောဂါ၊ မျက်စိရောဂါများ ဒုက္ခပေးခြင်း၊ အစားမှားခြင်း၊ ဆေးမှားခြင်းများ ကြုံရတတ်သည်။ စာရွက်စာတမ်း စာချုပ်ကိစ္စ များအတွက်စိတ်ညစ်ရခြင်း၊ ပစ်စာ တိုင်စာ ရောက်ခြင်းများ ကြုံရတတ်သည်။ ဆွေမျိုးသားချင်းများကို ကောင်းစွာ အကူအညီ ပေးနိုင်လိမ့်မည်။ လက်ရှိအလုပ်အကိုင်ကို စိတ်မဝင်စားခြင်း၊ အလုပ်ပြောင်းလိုစိတ်များ ကြုံလာတတ်သည်။ အိမ်ဝယ်နိုင်သော်လည်း အိမ်အနားအဆာ မလွတ်၊ အိမ်ဆြေ့သည်မပြတ်၊ အိမ်ဆောက်လျှင် တန်းလန်းဖြစ်တတ်သည်။ ခိုင်မာသော စီးပွားရေးလုပ်ငန်းများ တည်ဆောက်ထားပါ။ ရရှိသော အကြွေးများကို ယခုကာလတွင် ကြိုတင်စုဆောင်းထားပါ။ သို့မဟုတ်ပါက ဆုံးတတ်သည်။ ဤကာလအတွင်း ကောင်းကျိုးချမ်းသာများ ပိုမိုရရှိလာစေရန်နှင့် အညံ့အခိုက်များ သက်သာပြေပျောက်စေရန် အောက်ပါယတြာများကို ဂရုစိုက်ပြုလုပ်ပါလေ။ ထီးဖြူအသေးသက်စေ့နှင့် ထီးဖြူအကြီး တစ်လက်ကို မွေးနေ့နံနက်တွင် ဘုရားလှူပါ။ အမွှေးနံ့သာနှင့် ဘုရားအားရေသပ္ပာယ်ပါ။

*********************************************

## အင်္ဂါသားသမီးများအတွက်

ဘုရားဆင်တုတော်၊ ပုံတော်၊ ရဟန္တာပုံတော်များ ကြွလာတတ်သည်။ မထင်မှတ်သော ခရီးများ မရည်ရွယ်သော ခရီးများ သွားရတတ်သည်။ သူတစ်ပါးကိစ္စအတွက် ခရီးသွားရတတ်သည်။ လူမျိုးခြားက ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက် သောကိစ္စများ အောင်မြင်ခြင်းများကြုံမည်။ နာမည်ဂုဏ်သတင်း တိုးတက်ခြင်း ဘုန်တန်ခိုး တိုးတက်ခြင်းများ ကြုံရမည်။ မနာလို သူလည်း ပေါ်လိမ့်မည်။ မိမိထက်မြင့်သူနိမ့်သူ နှစ်ဦးလုံးက ဒုက္ခပေးလာတတ် သောအချိန် ဖြစ်ပါသည်။ လုပ်ဖော်ကိုင်ဘက်များ အောင်မြင် တော့မလိုလိုနှင့် အခက် အခဲကြီးစွာ ကြုံတတ်သည်။ အလုပ်တွင် အပျက်စီးအဆုံးရှုံး အလေအလွင့်များနေလိမ့်မည်။ ငွေပျောက်ခြင်း ကြွေးတင်ခြင်း ငွေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်သည်။ ကြီးကဲသူ အထက်လူကြီးများကြောင့် စိတ်ညစ်ရတတ်သည်။ အလှူပွဲ မင်္ဂလာပွဲ အစီစဉ်များ အထစ်အငေါ့ကြုံခြင်း ရက်ရွှေ့ခြင်းများ ကြုံရတတ်သည်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ရေး အဆင်မပြေ ဖြစ်နေမည်။ လက်ရှိအလုပ်အကိုင် ပြောင်းချင်စိတ်ပေါ်လာမည်။ ပြောင်းလျှင် ပိုဆိုးသွားတတ်သည်။ အထူးသတိပြုရန်၊ အစာအဆိပ်ဖြစ်ခြင်း၊ ခြေထောက် ခါး၊ သွား ဒုက္ခပေးခြင်းများ ကြုံရတတ်သည်။ ဤအတွင်း အမှုအခင်း မဖြစ်စေရန် အထူးဂရုစိုက်ပါ။ ဖြစ်လျှင် မပြီးနိုင်ဘဲ ဖြစ်နေတတ်သည်။ ငွေနှင့်လိုက်လျှင် ရှုံးသွားတတ်ပါသည်။ ပစ္စည်း မငှားရမ်းပါနှင့် ဆုံးလိမ့်မည်။ ဤကာလအတွင်း မည်သည့်အခက်အခဲနှင့် ကြုံသည်ဖြစ်စေ အားကိုး မရှာနှင့်၊ ဒုက္ခပေးမည့်သူများသာ ပေါ်လာတတ်သည်။ အောက်လက်ငယ်သား ထွက်သွားခြင်း၊ ကျန်းမာရေးညံ့ခြင်း ကြုံရတတ်သည်။ ထိကံကောင်းသော ကာလဖြစ်ပါသည်။ ပညာအသစ်တစ်ခု ရတတ်သည်။ အိမ်ထောင်ဘက် ကျန်းမာရေး ညံ့လိမ့်မည်။ ခါး အောက်ပိုင်း ဒုက္ခပေးတတ်သည်၊ ဆေးရုံ၊ ဆေးခန်းသို့သွားရတတ်သည်။ ကျောဒုက္ခပေးခြင်း၊ ကျောက်ရောဂါရခြင်း ဖြစ်မည်။ အိမ်ပြင်၊ အိမ်ဆောက်၊ အိမ်ပြောင်း မပြုပါနှင့်၊ အာမခံမလုပ်ပါနှင့်၊ စပ်တူအရောင်းဝယ် အကြီးအကျယ် မလုပ်ပါနှင့်၊ ဤကာလအတွင်း ကောင်းကျိုးချမ်းသာများ ပိုမိုရရှိလာစေရန်နှင့် အညံ့အခိုက်များ သက်သာပြေပျောက်စေရန် အောက်ပါယတြာများကို ဂရုစိုက်ပြုလုပ်လေ။ နေ့စဉ်ခန္ဓာကိုယ် သန့်ရှင်းရေး၊ အိမ်သန့်ရှင်းရေးလုပ်ပါ။ သောက်ရေအိုး ကိုယ်တိုင် ရေထည့်ပါ။ တစ်ပတ်တစ်ကြိမ်အဓိဋ္ဌာန်ဝင်ပါ။

## ဗုဒ္ဓဟူးသားသမီးများအတွက်

ခရီးတိုး ခရီးရှည်များ သွားနေရလိမ့်မည်။ ထိုခရီးသည်များသည်လည်း သင့်အတွက် ကျိုးထူးစေပါလိမ့်မည်။ မထင်မှတ်ဘဲ ပညာတစ်ခုသင်ကြားရခြင်း သင်တန်းတစ်ခု တက်ရခြင်းများ ပြုလုပ်ရတတ်ပါသည်။ မရည်ရွယ်ဘဲ မြေဝင်တတ်သည်။ ဤလအတွင်း အစစအရာရာသတိကြီး စွာထားရန် လိုပါသည်။ မိမိအပေါ် မကောင်းကြံခြင်း မကောင်း ပြောခြင်းများ ခံရတတ်သည်။ အလုပ်အကိုင်၌ ထိခိုက်တတ်သည်။ ပြဿနာကြီးစွာ ဖြေရှင်းရတတ်သည်။ ရုံးပြင်ကန္တာ၊ အမှုအခင်းများနှင့် ပတ်သက်ရတတ်သည်။ မိမိနှင့်တကွ မိသားစုပါ ကျန်းမာရေး ညံ့တတ်သည်။ ဆေးရုံ၊ ဆေးခန်း အထိ ရောက်ရတတ်သည်။ မီး၊ လျှပ်စစ် ဒုက္ခပေးတတ်သည်။ အထူးသတိပြုပါ။ လူမျိုးခြား ဒုက္ခပေးတတ်သည်။ သားသမီး လက်အောက် ငယ်သားအတွက် စိတ်ညစ်စရာကြုံမည်။ စက်ပစ္စည်း ဒုက္ခပေးတတ်သည်။ ရွှေနှင့် ရတနာ ပစ္စည်းများ ထွက်ခြင်း၊ ပေါင်နှံရခြင်းများ ကြုံရတတ်သည်။ ငွေဒလဟောထွက် ခြင်း၊ ငွေ အတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်သည်။ မထင်မှတ်သော ဆွေမျိုးသားချင်းက အကူအညီကောင်း ပေးလိမ့်မည်။



ဥာနဆိုင်ရာ အကြီးအကဲ၊ ဆွေမျိုးအကြီးအကဲတို့က အကူအညီအကောင်း ပေးလာလိမ့်မည်။ အထူးသတိပြုရန် ကျန်းမာရေးညံ့သော သက်ကြီးရွယ်အိုများ အိမ်သို့ လာရောက်တည်းခိုလျှင် ဆုံးပါးသွား တတ်သည်။ ခြေထောက် တွင်အန္တရာယ်ဖြစ်တတ်သည်။ လုပ်ငန်း အသစ်၊ အစီ အစဉ်သစ်များ ပေါ်ပေါက်လာတတ်သည်။ ယခင်နှစ်များက ကျန်ခဲ့သော ရွှေ၊ ငွေ၊ ရတနာများ ယခုနှစ်ထဲတွင် ကုန်ဆုံး သွားတတ်သည်။ လောကဓံတရား၏ မတရားညှဉ်းပမ်းမှုကို ခံရပြီး မမျှော်လင့်ဘဲ သံဝေဂတရား ရလိမ့်မည်။ အစစ်အဆေး အမေးအမြန်း ခံရတတ်သည်။ ကိုယ်ခန္ဓာ အစိတ်အပိုင်း တစ်ခုခု ထိခိုက်တတ်သည်။ ဤကာလအတွင်း ကောင်းကျိုးချမ်းသာများ ပိုမိုရရှိလာစေရန်နှင့် အညံ့အခိုက်များ သက်သာပြေပျောက်စေရန် အောက်ပါယတြာများကို ဂရုစိုက်ပြုလုပ်ပါလေ။ ထီးနီသက်စေ့လှူပါ။ ဆေးဝါးခွက်စာလှူပါ။

## ကြာသပတေးသားသမီးများအတွက်

ဤကာလအတွင်း စိန်ထည်ပစ္စည်းများ စက်ပစ္စည်းများ ဝင်လိမ့်မည်။ လုပ်ငန်းသစ်လုပ်ရန် အကြံအစည် ကောင်းများ အဆက်သွယ်ကောင်းများ ပေါ်လာလိမ့်မည်။ သို့သော် ဤကာလအတွင်း ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းအသစ် ကြီးကြီး မားမားစရန် မကောင်းသေးပါ။ ဤကာလအတွင်း ထီမထိုးသင်ပါ။ ထီပေါက်လျှင် မိသားစုအတွင်း ကျန်းမာရေး ဆိုးဆိုးဝါးဝါး ညံ့သွားတတ်သည်။ မသွားချင်သော ခရီးများ စိတ်ညစ်စရာခရီးများ သွားရတတ်သည်။ အထက်လူကြီး ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲ တတ်သည်။ သားသမီးများ ကျန်းမာရေး ညံ့တတ်သည်။ ရွှေထွက်မည်။ ခြေ၊ လက်၊ မျက်ခြင်း၊ ခါးနာခြင်းများ ဖြစ်တတ်သည်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မည်။ လုပ်လျှင် အောင်မြင်မည်။ အထူးသတိပြုရန် ငွေလူလိမ်ခံရမည်။ ခင်မင်သူ ချစ်သူကြောင့် ဒုက္ခတွေ့တတ်သည်။ မိတ်ဆွေအပေါင်းအသင်းများနှင့် မမျှော်လင့်ဘဲ လမ်းခွဲရတတ်သည်။ သားသမီးရှိက အိမ်မှ ထွက်သွားလိမ့်မည်။ ဒီကာလမှာ ကိုယ်ဝန်ဆောင် မိန်းမတွေ အထူးသတိပြုပါ။ မွေးလျှင် အခက်အခဲတွေ့နိုင်သည်။ သူ့သဘော

သူဆောင် ရလာသောငွေနှင့် လိုက်လျောညီထွေဖြစ်အောင်နေပါ။ ဘာမှလုပ်စရာ မရှိပါကထိုင်နေပါ။ ဉာဏ်ကို ဉာဏ်သုံးလုပ်မှ ဒုက္ခတွေ့တတ်သည်။ အမှုမဖြေရှင်းရပါ။ တတ်နိုင်သလောက် အချိန်ဆွဲပါ။ မဖြစ်မနေ ပြဿနာမှုတွေ ရှင်းရမယ်ဆိုလျှင် အရှုံးပေးလိုက်ပါ။ ငွေဝင်လာလျှင် မြေဝယ် ထားပါ။ အိမ်ကြီးကြီးကျယ်ကျယ် မဆောက်ပါနှင့် ဤကာအတွင်း ကောင်းကျိုးချမ်းသားများ ပိုမိုရ ရှိလာစေရန်နှင့် အညံ့အခိုက်များ သက်သာပြေ ပျောက်စေရန် အောက်ပါယတြာများကို ဂရုစိုက်ပြုလုပ်ပါလေ။ အိမ်ကဘုရားတွင် ကောဖီ (၁)ခွက်နှင့် ကိတ်မုန့်(၁) ချပ် ကပ်လှူလိုက်ပါ။

## သောကြာသားသမီးများအတွက်

ဤလအတွင်း၌ သင်သည် အဘက်ဘက်မှာ စိတ်ချမ်းသာစရာများ ကြုံတွေ့လာရလိမ့်မည်။ ယခုကာလတွင် အိမ်ထောင် ပြုပါက တည်မြဲသော အိမ်ထောင်မဖြစ်နိုင်၊ အိမ်ထောင်ပြုလျှင် သားသမီး ပါလာတတ်သည်။ လုပ်ငန်းသစ်များ စတင်ရတတ်သည်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာကျိုးပေး အောင်မြင်မည်။ အလှူအတန်းပြုရခြင်း၊ မင်္ဂလာပွဲများ စီစဉ်ပေးရခြင်းများ ပြုလုပ်ရ တတ်သည်။ အလုပ်နေရာ အိမ်နေရာ ပြောင်းရွှေ့ရတတ်သည်။ ရွှေဝင်မည်။ ရတနာပစ္စည်းများ ဝင်မည်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာမည်။ သင့်အတွက် အလွန်ကောင်းသောနိမိတ် ဖြစ်ပါသည်။ ဤကာလအတွင်း၌ စီးပွား အလွန်ကောင်းသကဲ့သို့ ကိုယ်ကျင့်တရား အထူးအရေးကြီးသော အချိန်ဖြစ်ပါသည်။ အမှုအခင်းဖြစ်နေသူကို ငွေမချေးပါနှင့်၊ အာမခံ မလိုက်ပါနှင့်၊ သတိပြု၍ ရှောင်ကြဉ်ပါ။ ပတ္တမြား မြ ထွက်တတ်သည်။ အထူးသတိပြုရန် အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဘက်နှင့် အဆင်မပြေ ကြီးစွာ ဖြစ်တတ်သည်။ သွပ်၊ သံ၊ သစ်တစ်ပတ်ရစ် ပစ္စည်းလက်မခံပါနှင့်၊ အောက်လက်ငယ်သား ဒုက္ခပေးတတ်သည်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်သည်။ ဆရာသမားကဲသို့သော ပုဂ္ဂိုလ်များနှင့် အဆင်မပြေ ဖြစ်မည်။ လုပ်ဖော်ကိုင် လက်များ မိတ်ဆွေများနှင့် အဆင်မပြေ လမ်းခွဲ ရတတ်သည်။ ယခုကာလတွင် အိမ်ဆောက်လျှင် မကောင်းပါ အစားမှား ဆေးမှား ဖြစ်ခြင်း သွားဒုက္ခပေး ခြင်းများ ကြုံရမည်။ မြေကိစ္စ အမွေနှစ်ကိစ္စများကြုံရတတ်သည်။ ငွေရှာရ လွယ်ကူပေမယ့် စုဆောင်း၍ မရ၊ ငွေဝင်လျှင် ကိုင်မထားရ၊ ရွှေဝယ်ထားပါ။ ဤကာလတွင် ကိုယ်စိတ်နှုတ်သုံးပါးကို မဖောက်မပြန် တည်တည် ကြည်ကြည် ထိန်းသိမ်းနိုင်သူတွေ တန်ဖိုးကြီးမားသော ဘဝသို့ ရောက်နိုင်သည်။ မထိန်းသိမ်းနိုင်သူ အဖို့ ရေနှင့်ထိသော ရွံ့နွံဘဝ ရောက်နိုင်သည်။ ဤကာလအတွင်း ကောင်းကျိုးချမ်းသာများ ပိုမိုရရှိလာစေရန်နှင့် အညံ့အခိုက်များ၊ သက်သာပြေပျောက်စေရန် အောက်ပါယတြာ များကို ဂရုစိုက်ပြုလုပ်ပါလေ။ ယပ်ဖြူ သက်စေ့လှူပါ။ ဘုရားရင်ဘတ်တော် ရွှေချပါ။ ရေသက်စေ့ကပ်လှူပါ။

## စနေသားသမီးများအတွက်

ယခုလသည် မိဘကို ကောင်းစွာပြုစုစောင့်ရှောက်နိုင်မည့်အချိန် ဖြစ်သည်။ စီးပွားသိသိသာသာ တက်မည်။ သိကြား မလိုက်သကဲ့သို့ လက်ရှိအခြေအနေထက် များစွာမြင့်တက်သွားလိမ့်မည်။ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမည်။ လုပ်ငန်း သစ်များ စတင်ပြုလုပ်နိုင်သေကာလ၊ လုပ်ငန်းဟောင်းများ ပြန်ပေါ်တတ်သည်။ ဘုရားဖူးခရီးများ စိတ်ချမ်းသာစရာခရီးများ ပြည်တွင်းပြည်ပခရီးများ သွားတတ်သည်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း အခြေအနေ အဆင့်အတန်း မြင့်တက်ခြင်းများကြုံမည်။ သင်တန်းတစ်ခု တက်ရခြင်း ပညာကောင်း ရခြင်းများ ကြုံမည်။ မိတ်ဆွေကောင်း ဆရာကောင်းများ တွေ့မည်။ အဖိုးတန်စက် ပစ္စည်းများ ဝင်မည်။ မြေကိစ္စ၊ အမွေကိစ္စများ အဆင်ပြေမည်။ ငွေရှာရလွယ်ခြင်း ငွေအဝင်အထွက် ကြမ်းခြင်းများ ကြုံလိမ့်မည်။ ရပ်ဝေးမှစာများ အဆက်အသွယ်များ ရလာမည်။ ရန်များခြင်း စကားများဖြေရှင်းရခြင်း ရင်နှီးသူများ လုပ်ဖော်ကိုင်ဘက်များနှင့် အဆင်မပြေလမ်းခွဲရခြင်းများ ကြုံမည်။ အထူးသတိပြုရန် အလုပ်တွင် အတိုက်အခံ အနည်းငယ်ကြုံ ရတတ်သည်။ အမှုအခင်း ရုံးပြင်ကန္တားနှင့် ပတ်သက်ရတတ်သည်။ စိုးရိမ်စရာ မရှိပါ။ အကြီးအကဲ ကောင်းရနိုင်၏။ အိမ်ထောင်ရှိသူ ဆိုလျှင် အိမ်ထောင်ဖက် စိတ်ညစ်ရတတ်သည်။ ဆွေမျိုးသားချင်းများ ကျန်းမာရေး အသည်းအသန် ဖြစ်တတ်သည်။ လာမည့် မွေးလ မွေးရက်အထိ အသုဘပို့ခြင်း မပြုပါနှင့် အထူးသတိပြုပါ။ နလုံးနှင့် ပတ်သက်၍ ကျန်းမာရေးညံ့ခြင်း၊ လေနှင့် ပတ်သက်၍ ကျန်းမာရေးညံ့ခြင်း ဒူး နား ဒုက္ခပေးခြင်းများ ကြုံရတတ်သည်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လိမ့်မည်။ လုပ်လျှင်အောင်မြင်မည်။ ကိုယ်ပိုင်လုပ်ငန်း ဖြစ်စေ၊ ဝန်ထမ်းဖြစ်စေ ကြီးပွားတိုးတက် အောင်မြင်မည့်ကလာ ဖြစ်ပါသည်။ ဤကာလအတွင်း ကောင်းကျိုး ချမ်းသာများ ပိုမိုရရှိလာစေရန်နှင့် အညံ့အခိုက်များ သက်သာပြေပျောက်စေရန် အောက်ပါယတြာများကို ဂရုစိုက်ပြုလုပ်ပါလေ။ ဘုရားဖူးခရီး သွားပါ။ ခရီးစရိတ်ပြတ်နေသူကို ငွေလှူပါ။ မွေးနေ့တိုင်း အိပ်ရာရွှေ့ပြောင်း ၍အိပ်ပါ။

သင်တို့၏အကျိုးကို ထာဝစဉ်လိုလားသော

ဆရာဟိန်းတင့်ဇော် (တစ်ရာ့ရှစ်တောင်ဘုရား၊ သာကေတ၊ ရန်ကုန်၊ မြန်မာနိုင်ငံ)

**********************************************

# "(၁၂၆) နှစ်မြောက် မေဒေးနေ့ဂုဏ်ပြုဆောင်းပါး" မေဒေး အစ... အမေရိကန်က...




အခုဆိုရင် သမိုင်းဝင် နိုင်ငံတကာ အလုပ်သမားနေ့ (မေဒေး) ဆိုတာ ၁၈၉၀ ခုနှစ်ကစပြီးတော့ ရေတွက်ရင် (၁၂၆ နှစ်) နှစ်မြောက် ရှိခဲ့ပါပြီ။ မေဒေးနေ့ဆိုတာ အမေရိကန်ပြည်က စတင်ပေါ်ပေါက်ခဲ့ပါတယ်။ မေဒေးနေ့ ဘယ်လိုဖြစ်ပေါ်လာသလဲဆိုရင် "တနေ့အလုပ်ချိန် ၁၀ နာရီ သတ်မှတ်ရေး သပိတ်တိုက်ပွဲ" တွေကနေ စတင်ခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တနေ့ ကို ၁၆ နာရီ ကနေ ၂၀ နာရီအထိ အလုပ်လုပ်နေကြရလို့ပါပဲ။ (တစ်ရက်မှာ ၂၄ နာရီရှိရာမှာ ၂၀ နာရီ အလုပ်လုပ်ရတယ်ဆိုတော့ လူဟာ လူနဲ့ မတူတော့ဘူး။ ကျွဲတွေ၊ နွားတွေလို သခင့်အကြိုက်လိုက်ပြီး အတင်းရုန်းကန် ပေးရသလိုမျိုး ဖြစ်မနေပေဘူးလား)။ အဲဒီလို အလုပ်ချိန် များပြား လွန်းနေတာမို့ "တနေ့အလုပ်ချိန် ၁၀ နာရီသတ်မှတ်ရေး သပိတ်တိုက်ပွဲ" တွေကို (၁၈၀၆) ခုနှစ် အမေရိကန်ပြည် ဖီလာဒယ်ဖီး ယားမြို့က ကြိုးကျစ်စက်ရုံ အလုပ်သမားသပိတ်၊ (၁၈၂၇) ခုနှစ်၊ ဖီလာဒယ်ဖီးယားမြို့ အဆောက်အဦး အလုပ်သမား သပိတ်၊ (၁၈၃၄) ခုနှစ်၊ နယူးယောက်မြို့ ပေါင်မုန့်ဖုတ် အလုပ်သမားသပိတ် စတဲ့ အလုပ်သမားတိုက်ပွဲတွေ ပေါ်ပေါက်ခဲ့ပါတယ်။ တနေ့ အလုပ်ချိန် ၁၀ နာရီ သတ်မှတ်ရေးလှုပ်ရှားမှုတွေကို ရိုက်နှက်ဖမ်းဆီး တာတွေနဲ့ ဖြိုခွဲခဲ့ပါတယ်။

(သေဒဏ် စီရင်ခံရတဲ့ မေဒေးသူရဲကောင်း ဩဂတ်စ်စပိုင့် **August spies**)




ဒီလိုနဲ့ (၁၈၃၇) ခုနှစ်မှာ အလုပ်ချိန် ၁၀ နာရီတိုက်ပွဲဟာ တမြို့ကနေ တမြို့ကို ကူးစက်ကျယ်ပြန့် ခဲ့တာမို့ ပြည်နယ် အစိုးရတချို့ဟာ မရေမရာကျေညာချက်တွေနဲ့အတူ အလုပ်ချိန် ၁၀ နာရီသတ်မှတ်လိုက်ကြောင်း မိမိပြည်နယ်ထဲမှာ ကျေညာ ပေးခဲ့ပါတယ်။ ဒါပေမယ့် ဘာမှအကောင်အထည်မပေါ်ခဲ့သလို အခွင့်အရေးလည်း မရရှိခဲ့ပါဘူး။ (၁၈၆၆) ခုနှစ်၊ ဗယ်တီမိုမြို့မှာ အလုပ်သမားသမဂ္ဂခွဲပေါင်း (၃၀) ကျော်တက်ရောက်တဲ့ အစည်းအဝေးကနေ "နိုင်ငံလုံးဆိုင်ရာ အမျိုးသားအလုပ်သမား သမဂ္ဂအဖွဲ့ချုပ်" ကို တည်ထောင်ခဲ့ပါတယ်။ အဲဒီသမဂ္ဂအဖွဲ့ချုပ်ဟာ တနေ့အလုပ်ချိန် (၈ နာရီ) သတ်မှတ်ရေး တိုက်ပွဲကော်မတီတွေကို ဖွဲ့စည်းပေးခဲ့ပါတယ်။ အမေရိကန်ပြည်က သက်ဆိုင်ရာပြည်နယ်အစိုးရတွေဟာ လက်နက်ကိုင် စစ်တပ်နဲ့ ရဲတပ်ဖွဲ့တွေကိုသုံးပြီး အပြင်းအထန်နှိမ်နင်းခဲ့ပါတယ်။ ခေါင်းဆောင်တွေကို ဖမ်းဆီးညှင်းပန်းတာ၊ ထောင်ဒဏ်၊ ငွေဒဏ်၊ သတ်မှတ်ပြီး ပြည်နှင်ဒဏ်ပေးတာ၊ အလုပ်သမားတွေထဲကပဲ ကြေးစားလူမိုက်ငှားရမ်းပြီး ဖျက်ဆီးစေတာ၊ ရပ်တည်ချက်ပျော့ညံ့တဲ့ အလုပ်သမားခေါင်းဆောင်အချို့ကို အခွင့်အရေးဇန်းပြပြီး လာဘ်ပေးဖြိုခွဲတာ စသဖြင့် နည်းလမ်းပေါင်းစုံနဲ့ အသုံးပြုခဲ့တာ တွေ့ရပါတယ်။ ဒီလိုနဲ့ (၁၈၆၈) ခုနှစ်မှာ အမေရိကန်ပြည်၊ ပြည်နယ်အစိုးရအချို့က တနေ့အလုပ်ချိန် ၈ နာရီသတ်မှတ်ရေး အမည်ခံ ဥပဒေတရပ်ကို ထုတ်ပြန်ပေးခဲ့ပါတယ်"

**(1890 May dayçEngland)**



ဒါပေမယ့် အရင်းရှင်တွေကြီးစိုးတဲ့ ပုဂ္ဂလိက လုပ်ငန်းတွေကို လုံးဝသက်ရောက်ခြင်းမရှိတာမို့ ဒီဥပဒေဟာ မအောင်မြင်ခဲ့ပါဘူး။ တနေ့အလုပ်ချိန် ၈ နာရီ သတ်မှတ်ရေးအတွက် တိုက်ပွဲဝင်သတ္တုတွင်း အလုပ်သမားလှုပ်ရှားမှု ခေါင်းဆောင်တွေကို သေဒဏ် စီရင်ပစ်တာ၊ မီးရထားလမ်းထုတ်လုပ်ရေးသံမဏိစက်ရုံအလုပ်သမားတွေကို လက်နက်ကိုင် စစ်တပ်တွေနဲ့ နှိမ်နင်းတာတွေလုပ်ခဲ့ပါတယ်။

*******************************************

# May Day (1951,USA)




ဒီလိုနဲ့ (၁၈၈၄) ခုနှစ် အမေရိကန်ပြည်၊ ချီကာဂိုမြို့မှာ ကျင်းပတဲ့ (အလုပ်သမားသမဂ္ဂ အစည်းအဝေးကြီး) ကနေ အမေရိကန်ပြည် အလုပ်သမားအဖွဲ့ချုပ် **(AFL)** ရဲ့ညီလာခံကို ကျင်းပပါတယ်။ အဲဒီ **AFL** ညီလာခံကနေ တနေ့အလုပ်ချိန် ၈ နာရီရရှိရေး တိုက်ပွဲဝင်ကြဖို့ ဆုံးဖြတ်ပြီးတဲ့အခါ ပြင်ဆင်ချိန် ၂ နှစ်အချိန်ယူခဲ့ပါတယ်။ အဲဒီပြင်ဆင်ချိန် ၂ နှစ်အတွင်းမှာ တိုက်ပွဲကော်မတီတွေကို စနစ်တကျ ဖွဲ့စည်းခဲ့ကြပါတယ်။ (၁၈၈၆) ခုနှစ်၊ မေလ ၃ ရက်နေ့မှာ ပေါ်ပေါက်ခဲ့တဲ့ အလုပ်သမားသပိတ်မှာ (၆) ဦးသေဆုံးပြီး အလုပ်သမားရာပေါင်းများစွာ ဒဏ်ရာရခဲ့ပါတယ်။ ဒီကိစ္စကို ဆတ်ဆတ်ခါနာကြည်းကြတဲ့ ထောင်ပေါင်းများစွာသော အလုပ်သမားတွေစုဝေးပြီး လူထုအစည်းအဝေးကျင်းပနေစဉ်မှာ အကြမ်းဖက်နှိမ်နင်းတာကြောင့် အလုပ်သမား ၄ ယောက်နဲ့ ပုလိပ် ၇ ယောက် သေဆုံးခဲ့ပါတယ်။ အဲဒီအရေးအခင်းနဲ့ ပတ်သက်ပြီး အလုပ်သမားခေါင်းဆောင် ၄ ဦး(ပါဆင်၊ သြဂတ်စ်စပိုင့်၊ ဖစ်ချာ၊ အိန်ဂျယ်) တို့ကို ဆူပူမှုဖန်တီးတယ်ဆိုပြီး လုပ်ကြံစွပ်စွဲကာ သေဒဏ်စီရင်ခံခဲ့ပါတယ်။ ကျန်အလုပ်သမား ခေါင်းဆောင် တွေကိုတော့ အစိုးရကထောင်ဒဏ်၊ ငွေဒဏ်၊ ပြည်နှင်ဒဏ် စသဖြင့် အပြစ်တွေပေးခဲ့ပါတယ်။ အဲဒီလို အလုပ်သမားတွေ သွေးမြေကျခဲ့ရတဲ့ တိုက်ပွဲကိုအကြောင်းပြုပြီး (၁၈၈၈) ခုနှစ်၊ စိန့်လူးဝစ်မြို့မှာကျင်းပတဲ့ **AFL** ညီလာခံမှာ ထပ်မံပြီးတော့ အလုပ်ချိန် ၈ နာရီရရှိရေး တိုက်ပွဲဝင်ရန်နဲ့ ၁၈၉၀ ခုနှစ်ကစပြီးတော့ (မေလ ၁ ရက်) နေ့ကို အလုပ်သမားတိုက်ပွဲနေ့ (မေဒေး) အဖြစ် သတ်မှတ်ကျင်းပဖို့ ဆုံးဖြတ်ပြဋ္ဌာန်းလိုက်ကြပါတယ်။




၁၈၉၀ ပြည့်နှစ်အခါကစပြီး နိုင်ငံများစွာမှာ စတင်အထိမ်းအမှတ်ပြု ကျင်းပခဲ့တဲ့ ကမ္ဘာ့အလုပ်သမားတိုက်ပွဲနေ့ (မေဒေး) ကို ၁၉၃၈ ခုနှစ်ကျမှပဲ မြန်မာပြည်မှာ ကျင်းပနိုင်ခဲ့ပါတယ်။ အကြောင်းရင်းကို ဆန်းစစ် ကြည့်ရင် မြန်မာ နိုင်ငံဟာ အင်္ဂလိပ်ကိုလိုနီ အောက်မှာ နိုင်ငံ တကာတွေနဲ့ ပြည်သူအချင်းချင်း အဆက်အသွယ် ဆိုတာ လုံးဝမရှိခဲ့ကြပါဘူး။ ဒါကြောင့် မြန်မာပြည်မှာ မေဒေးနေ့ကို ၄၈ နှစ် တိုင်တိုင်နောက် ကျပြီးမှ ကျင်းပနိုင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီ တုန်းက ရေနံမြေ အလုပ်သမားတွေဟာ တို့ ဗမာ အစည်းအရုံးကြီးရဲ့ ခေါင်းဆောင် မှုတွေနဲ့ ဘီအိုစီအမှူးပြုတဲ့ အင်္ဂလိပ်နယ်ချဲ့ အရင်း ရှင်ကြီး တွေကို သပိတ်လက်နက်နဲ့ တုန့်ပြန်တိုက် ခိုက်နေတဲ့ ကာလဖြစ်တဲ့ ၁၉၃၈ ခုနှစ် မေလ ၁ ရက် နေ့ကို ရေနံချောင်းမြို့၊ ချောက်မြို့တို့မှာ ပထမဆုံးကျင်းပခဲ့ပါတယ်။ ဒါဟာ ရေနံမြေအ လုပ် သမားတိုက်ပွဲကိုလည်း နိုင်ငံတကာနဲ့ ဆက် စပ်နိုင်ခဲ့ပါတယ်။ ဒါကြောင့် “မြန်မာပြည်မေဒေးအစ– ရေနံမြေက” လို့ ဆိုစမှတ်ပြုရမှာပါ။ ၁၉၃၉ ခုနှစ်၊ တို့ဗမာအစည်းအရုံး မော်လမြိုင်ညီလာခံကနေ နှစ်စဉ် မေလ ၁ ရက်နေ့ရောက်တိုင်း အထိမ်းအမှတ်ပွဲတွေကို နိုင်ငံနဲ့ အဝှမ်း ကျင်းပကြရန်၊ မေဒေးနေ့မှာ အစိုးရအလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ပေးရန် ဆုံးဖြတ်တောင်းဆိုခဲ့ကြပါတယ်။ ဒီလိုနဲ့ ၁၉၃၉ ခုနှစ်နဲ့ ၁၉၄၀ ခုနှစ်တွေမှာ တို့ဗမာအစည်းအရုံးခွဲများ ဖွဲ့စည်းပြီးမြို့တွေနဲ့ စက်မှု လက်မှု လုပ်ငန်းကြီးများရှိတဲ့ ဒေသတွေမှာ နှစ်စဉ် အလုပ်သမားတွေရဲ့ လူထု အစည်းအဝေးတွေ ကျင်းပခဲ့ကြပါတယ်။ (အဲဒီတုန်းက သခင်အောင်ဆန်းဟာ ဌာနချုပ် တို့ဗမာအစည်းအရုံးတွေရဲ့ အထွေထွေ အတွင်းရေးမှူးဖြစ်ပါတယ်။

အားလုံးသိကြတဲ့အတိုင်း (၁၉၄၂ ကနေ ၁၉၄၅) အထိက မြန်မာပြည်က ဖက်ဆစ်ဂျပန်တွေ အုပ်ချုပ်တဲ့ကာလဖြစ်တာမို့ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားနေချိန်ကာလ ဒီမိုကရေစီလွတ်လပ်ခွင့်တွေ ဆုံးရှုံးနေချိန်မှာတောင် မေဒေးသဘောတရားကို ယုံကြည် သက်ဝင်ကြသူတွေဟာ အစဉ်အလာ ထိန်းသိမ်းတဲ့အနေနဲ့ လျှို့ဝှက် လုံခြုံစွာဖြင့် မေဒေးနေ့ကျင်းပကြပါတယ်။ ၁၉၄၆ ခုနှစ်မှာတော့ ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖဆပလ) ရဲ့ အလံတော်အောက်မှာ ညီညွတ်စွာနဲ့ပဲ မေဒေးနေ့ ကျင်းပ ကြပါတယ်။ ဒီလိုနဲ့ပဲ ၁၉၄၈ ခုနှစ်၊ မြန်မာပြည်လွတ်လပ်ရေးကြီးရရှိလာတဲ့အခါမှာ မေဒေးနေ့ကို (အစိုးရရုံးပိတ်ရက်) အ ဖြစ် တရားဝင်သတ်မှတ်ပေးခဲ့ပါတယ်။

စုဆောင်းတင်ပြသူ– သောင်ရင်းနဂါး

*****************************************************

# ဘဝ သရုပ်ဆောင်

ကျမက သရုပ်ဆောင်တစ်ယောက်ပါ...။ အလွမ်း၊ အဆွေး၊ အပြုံး၊ အငို၊ ခံစားချက်အမျိုးမျိုးအဖုံဖုံကို အကောင်းဆုံး ပီပြင်နိုင်ဖို့ ကြိုးစားသရုပ်ဆောင်ပေးနေရတဲ့ သရုပ်ဆောင်တစ်ယောက်ပေါ့ရှင်...။

အခု ကျမ ပါဝင်သရုပ်ဆောင်နေရတဲ့ ဇာတ်လမ်းရဲ့အမည်ကတော့ "ဘဝရဲ့ ခရီးရှည်" လို့ အမည်ရတဲ့ ဇာတ်လမ်းတွဲတစ်ပုဒ်ပါ။ ဇာတ်လမ်းရဲ့ ဒါရိုက်တာကတော့ ဦးကံကြမ္မာဆိုတဲ့ နာမည်ကြီးဒါရိုက်တာကြီးပါ။ ဒီဇာတ်လမ်းရဲ့ အဓိကသရုပ်ဆောင်ကတော့ ကျမကိုယ်တိုင်ပဲပေါ့။ ဒီဇာတ်လမ်းမှာ ကျမပါဝင်သရုပ်ဆောင် လာခဲ့ရတာ ဇာတ်ဝင်ခန်းပေါင်း တော်တော်များနေပါပြီ။ "အူဲ" ဆိုပြီး ကျမ လူ့လောကထဲကို ရောက်လာခဲ့တဲ့ ဇာတ်ဝင်ခန်းနဲ့စပြီး ဒီဇာတ်လမ်းကို စတင်မိတ်ဆက် လိုက်တယ် ဆိုပါတော့ရှင်...။ ကျမဘဝရဲ့ အစပိုင်းဇာတ်ဝင်ခန်းတွေကတော့ ပျော်စရာတွေ အပြည့်ပဲရှင့်...။

စားချိန်တန်စား ။ အိပ်ချိန်တန်အိပ် ။ ကစားချိန်တန် ကစားနဲ့ သရုပ်ဆောင်နေရတယ် လို့တောင် မထင်မိပါဘူး၊ အချိန်တိုင်း လိုလိုပဲ ကျမပျော်ရွှင်နေခဲ့တာပေါ့...။ ကျောင်းသူဘဝ သရုပ်ဆောင်ရ တာကလည်း လွတ်လပ်မှုအပြည့်ပါပဲ။ ဒါရိုက်တာကလည်း ဖိအားမပေးခဲ့သလို ဇာတ်ညွှန်း လေးကလည်း ချောမွေ့ပြေပြစ်နေခဲ့တယ်လေ...။ ကျမကတော့ ဒီဇာတ်လမ်းထဲမှာ ကျောင်းသူလို သရုပ်ဆောင်ရ တာကို အကြိုက်ဆုံးပေါ့ရှင်။ ကျမက ကျောင်းသူအ ခန်းတွေပဲ ရိုက်ချင်တယ်ပြော တာကို ဒါရိုက်တာက လက်မ ခံပါဘူး။ သရုပ်ဆောင်ကောင်း တစ်ယောက်ဖြစ်ဖို့ ဇာတ်ကွက်မျိုးစုံ သရုပ်ဆောင်နိုင်ရမယ်တဲ့...။ သူပြော တာလည်း မှန်နေတာပဲလေ...။



လူလတ်ပိုင်းဇာတ်ဝင်ခန်းတွေ သရုပ်ဆောင်ရ ချိန်မှာတော့ ကလေးဘဝ၊ လူငယ်ဘဝလိုမျိုး သရုပ်ဆောင် ရတာတွေထက် ပိုခက်လာတယ်ရှင့်။ ဒါရိုက်တာရဲ့ အဆူအငေါက်ဒဏ်ကလည်း ခံရသေးတယ်။ ဇာတ်ညွှန်းတွေကလည်း ကျမ ဦးနှောက်နဲ့ လိုက်မမှီလောက်အောင် ရှုတ်ထွေးလာတယ်လေရ ဒါပေမယ့် ဒီလိုခက်ခက်ခဲခဲ သရုပ်ဆောင်ပြကွက်တွေကနေပဲ ကျမ ပညာတွေတော့ အများကြီး ရခဲ့ပါတယ်။

လူလတ်ပိုင်းအခန်းတွေမှာတော့ ငိုခဲ့ရတဲ့အခန်းတွေရှိသလို ကြည်နူးဝမ်းသာရတဲ့ အခန်းတွေလည်း သရုပ်ဆောင်လာ ရတယ်လေ။ တခါတလေမှာလည်း ကျရှုံးမှုတွေကို အလူးအလဲရင်ဆိုင်ရလို့ ဝမ်းနည်းအားငယ်ရတဲ့ ဇာတ်ဝင်ခန်းတွေရှိသလို တခါတလေလည်း ပျော်ရွှင်ကြည်နူးမှု၊ အောင်မြင်မှုတွေရလို့ ဝမ်းသာပျော်ရွှင်ရတဲ့ဇာတ်ဝင်ခန်းမျိုးတွေလည်း ပါတာပေါ့။ တခါတလေ တော့လည်း အချစ်၊ အမုန်း၊ ဟန်ဆောင်မှု၊ ပွင့်လင်းမှု၊ မနာလိုငြူစူမှု၊ ပေးကမ်းစွန့် ကြဲမှုစတဲ့ အမျိုးမျိုးသရုပ်ဆောင်ပြရတဲ့ ဇာတ်ကွက်တွေလည်း ပါတာပေါ့၊ ဒီလိုသရုပ်ဆောင် ကွက်တွေကို ကြိုးစားသရုပ်ဆောင်ပြီးချိန်မှာတော့ ကျမအတွေး အခေါ်တွေလည်း တဖြည်းဖြည်း ပြောင်းလဲလာခဲ့ပါတယ်။ ရင့်ကျက်တည် ငြိမ်လာတာပဲလား ... လောကဒဏ်ဆိုတာကို ဖြေသိမ့်နိုင်လာတာပဲလား ဆိုတာတော့... ကျမ တွေးကြည့်နေတုန်းပါပဲလေ...။

လူလတ်ပိုင်းဇာတ်ကွက်တွေပြီးရင်တော့ လူကြီးပိုင်းနဲ့ဆိုင်တာတွေ ကြိုလေ့လာထားဖို့ ဒါရိုက်တာကြီးက အမိန့်ပေးထား ပြန်ပြီလေ။ လူကြီးဘဝကနေ လူအိုဘဝအထိ ဇာတ်လမ်းက စီစဉ်ထားပြီးသားလို့တော့ ဇာတ်ညွှန်းရေးဆရာကလည်းပြောနေတာပါပဲ။ ကျမကတော့ ဒီဇာတ်လမ်းရှည်ကြီးမှာ သရုပ်ဆောင်ရတာ မောနေပါပြီရှင်။ ဖြစ်နိုင်မယ်ဆိုရင် ဒီဇာတ်လမ်းကတောင် နှုတ်ထွက် လိုက်ချင်ပြီလေ။ ကျမကသာ ညည်းနေတာပါ...။ ဒီဇာတ်လမ်းရဲ့ ဒါရိုက်တာကြီးဖြစ်တဲ့ ဦးကံကြမ္မာကတော့ ကျမကို ချောက်ပြောလိုက် မြှောက်ပြောလိုက်နဲ့ သူ့ဇာတ်လမ်းပြီးတဲ့အထိ ဆွဲခေါ်နေတော့တာပါပဲ။

ဒါရိုက်တာကြီးရဲ့ မှတ်ချက်ကတော့ ကျမက **drama** အခန်းမျိုးတွေ မကျွမ်းကျင်သေးဘူးတဲ့၊ **drama** နဲ့တော့ အကယ်ဒမီ မမျှော်နဲ့တဲ့၊ ပျော်စရာကြုံရတဲ့ ဇာတ်ဝင်ခန်းတွေ၊ ဟာသအခန်းတွေကိုတော့ ပိုင်နေပါပြီတဲ့။ ရယ်စရာဇာတ်ဝင်ခန်းများ ရိုက်နေရရင် ကျမမျက်နှာက ရွှင်လန်းတက်ကြွနေတယ်ဆိုပဲ။ ဟန်ဆောင်ရတဲ့ ဇာတ်ဝင်ခန်းမျိုးဆိုရင်တော့ ချာတူးလန် မတဲ့လေ...။
အင်း ဒီဇာတ်လမ်းတွဲက ဘယ်တော့များမှ ပြီးမလဲတော့ ကျမလည်း မသိပါဘူး။ ဦးကံကြမ္မာကတော့ ကြိုသိနေမှာပေါ့လေ၊ သူက ဒီဇာတ်လမ်းရဲ့ ဒါရိုက်တာကြီးပဲ။ ကျမကတော့ သူဖြစ်စေချင်တဲ့အတိုင်း ကျမရဲ့အရည် အသွေးတွေကို အကောင်းဆုံးထုတ်သုံးပြီး သရုပ်ဆောင် ရမှာပေါ့လေ——။

တချို့ဇာတ်ဝင်ခန်းတွေကို ကျမ စိတ်ကျေနပ်မှုရတဲ့အထိ အကောင်းဆုံးသရုပ် ဆောင်နိုင်ခဲ့ပေမယ့် တခါတလေတော့လည်း ကျမရဲ့ပျော့ညံ့တဲ့ သရုပ်ဆောင်ပြကွက်တွေကို ကျမ သတိထားမိပါတယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ ——။

ဒီဇာတ်လမ်းတွဲ "ဘဝရဲ့ခရီးရှည်" ကို ကျမလက်ခံလိုက်မှတော့ ဇာတ်လမ်းဆုံးတဲ့အထိ သရုပ်ဆောင်ရတော့မှာပေါ့...။ ကိုယ်စ ခဲ့တဲ့အလုပ်တစ်ခုကို တာဝန်ကျေကျေနဲ့ ပြီးဆုံးအောင်လုပ်နိုင်ဖို့ကတော့ သရုပ်ဆောင်တိုင်းရဲ့ တာဝန်ပဲလေ။ စမှတ်နဲ့ ဆုံးမှတ်ကြား ကာလတစ်ခုမှာတော့ အခက်အခဲ အကြပ်အတည်းတွေက ထောင့်မျိုးစုံက ဝင်လာနေအုံးမှာပဲပေါ့။ ရင်ဆိုင်ဖြတ် ကျော် နိုင်ဖို့ကတော့ ကျမတို့ရဲ့ အရည်အချင်းပေါ်ပဲ မူတည်နေတာပါလေ...။

ကိုယ်သာ ကိုယ့်ဘဝရဲ့ ပွဲကိုင်ရှင်ဆိုတော့လည်း ... ဇာတ်ဝင်ခန်းမျိုးစုံကို စိတ်ကျေနပ်မှုရတဲ့အထိ အကောင်းဆုံးသရုပ် ဆောင်နိုင်ဖို့ကိုတော့ ကျမအစွမ်းရှိသလောက် ကြိုးစားနေရမှာပေါ့ရှင်။ ။

## စာမျက်နှာ (၁) (MMNT) အထွေထွေအတွင်းရေးမှူး၏ သဘောထားမှ အဆက်

(၂) ပင်လယ်ငါးဖမ်း လှေလုပ်သားများ လှေသွားရာနေရာသို့သွားနိုင်သည်။

(၃) တရားရုံးသို့ အလုပ်ဖြင့်သွားရန်၊ သို့မဟုတ် ဆေးကုသရန် အစိုးဌာနမှစာဖြင့် ၄င်းစာပါအတိုင်း ခရီးသွားနိုင်သည်။

(၄) အလုပ်ရှင်အသစ်ပြောင်းပါက သို့မဟုတ် တခြားခရိုင်တခုရှိ အလုပ်နေရာသစ်အတွက် တခြားလုပ်ငန်းခွင်ခွဲများတွင် အလုပ်သွားလုပ် မည်ဆိုပါက အစိုးရဌာန စာရှိပါက ခွင့်ပြုနိုင်သည်။

(၅) တခြားခရိုင်သို့သွား၍ သင်တန်းတက်၊ ကျောင်းတက်ရန်အတွက် (သို့မဟုတ်) အနားယူ အပန်းဖြေခရီးထွက်မည်ဆိုပါက အလုပ်ရှင်မှ အလုပ်သမား၏ အချက်အလက်အပြည့်အစုံကို မြို့နယ် (အန်ဖယ် ) မှတ်ပုံတင်မှူးထံသို့ ခရီးမသွားခင်နှင့် ခရီးသွားပြီး စာဖြင့်အကြောင်း ကြားရမည်။ ခရီးသွားခွင့် တစ်ကြိမ်လျှင် ၇ ရက်ထက်မပိုရ။

(၆) အထက်ပါအလုပ်သမားများ၏ မှတ်ပုံတင်ထားသော ကလေးများသည်လည်း မိဘနှင့်အတူ ခရီးစသွားနိုင်သည်။

(အကြမ်းဖျဉ်းဘာသာပြန်ထားခြင်းဖြစ်ပါသည်။ အသေးစိတ် အချက်အလက်များအတွက် တွဲလျက်ပါစာဖြင့် ဖတ်ရှုပါရန်) ဘာသာပြန်– ဦးစောခူ (တွဲဘက်အတွင်းရေးမှူး)

ထိုင်းနိုင်ငံလုံးဆိုင်ရာ မြန်မာရွှေ့ပြောင်းအလုပ်သမားကွန်ရက် (MMNT) အဆိုပါကြေညာချက် အပေါ်တွင် ထိုင်းနိုင်ငံလုံးဆိုင်ရာ မြန်မာရွှေ့ပြောင်းအလုပ်သမားကွန်ရက် (MMNT) ၏ အထွေထွေအတွင်းရေးမှူး ဦးမိုးကြိုးက ယခုကဲ့သို့ သဘောထားရှိကြောင်း ထုတ်ဖော်ပြော ဆိုသည်။ "အခုလို ထိုင်းပြည်ထဲရေးဝန်ကြီးဌာနက ကြေညာချက်သစ် ထုတ်ပြန်ပေး လိုက်တော့ကာ– အလုပ်ရှင်တွေ ဘက်ကလည်း မိမိရဲ့ရွှေ့ပြောင်းအလုပ်သမား အကြောင်းကြီးငယ်ရှိလို့ ခရီးသွားလာတာကို တားမြစ် ပိတ်ပင်ထားလို့ မရတော့ဘူး။ အလုပ်ရှင်တွေကိုယ်တိုင်က မိမိအလုပ်သမား ( ၇) ရက်ခရီးသွားလာလို့ လွယ်ကူအောင် အတူတကွ ပူးပေါင်းဆောင်ရွက် (ထောက်ခံကူညီပံ့ပိုး) ပေးရပါတော့မယ်။ ဒါဟာအင်မတန် စီးပွားရေးအကွက်မြင်ပြီး အခြေအနေ နဲ့အညီ အပြောင်းအလဲလုပ်တတ်တဲ့ ထိုင်းနိုင်ငံရဲ့ရွှေ့ပြောင်းအလုပ်သမားတွေကို ရေရှည်အကျိုးစီးပွားအတွက် ကြိုးရှည်ရှည်နဲ့ လှန်ထား ရေးပေါ်လစီ ကစားလာမှုတစ်ခုပါပဲ" ဟု သူ၏အမြင်သဘောထားကို ပြောဆိုသည်။ ထို့ပြင် မဲဆောက်မြို့ဘန့်နူရာရပ်ကွက်ရှိ ပန်းရောင် ကတ်ကိုင် သိုးမွေးစက်ရုံ အလုပ်သမား တစ်ဦးဖြစ်သူ – မမွေးမွေးက "သမီးတို့ကိုအခုလို (၇) ရက် ခရီးသွားလာခွင့် ပြု လိုက်တာ အင်မတန်ကောင်းပါတယ်" ဒါပေမယ့် မြန်မာပြည်ဘက်အထိ သွားလို့ ရမရကြေငြာချက်ထဲမှာ ရှင်းရှင်းလင်းလင်း မတွေ့ရပါဘူး။ ဘာပဲဖြစ်ဖြစ် မီးတို့က ဝမ်းသာပါတယ်" ဟု သူမအမြင်ကို ပြောပြသည်။

## စာမျက်နှာ (၁) ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမားများ သိထားသင့်မှ အဆက်

ဆက်က မဖြေရှင်းနိုင်တဲ့ နိုင်ငံတော်လုံခြုံရေးကို ထိခိုက်စေသောလူဝင်မှုကြီးကြပ်ရေးပြဿနာလို့ သတ်မှတ်ထားပါတယ်။

၃၊ အဲဒီ မှတ်ပုံတင်က ယာယီနေထိုင်ခွင့်သာဖြစ်ပြီး၊ အလုပ်လုပ်ဖို့ဆိုရင် အလုပ်ရှင်နဲ့အတူ အလုပ်လုပ်ကိုင်ခွင့် (ဝါ့ပါမစ်) လျှောက်ထားရမယ်။ အလုပ်ရှင်မရှိပဲ နေထိုင်ခွင့်မရှိဘူး။ မိမိကိုယ်ပိုင်လုပ်ငန်း လုပ်ပိုင်ခွင့်မရှိဘူး။ ဒါ့အပြင် ထိုင်းနိုင်ငံသားတွေ မလုပ်ချင်တဲ့ အလုပ်ကြမ်းပဲ လုပ်ကိုင်ခွင့်ရှိတယ်လို့ သတ်မှတ်ထားသေးတယ်။

၄၊ အဲဒီမှတ်ပုံတင်နဲ့ ထိုင်းနိုင်ငံအတွင်း ယာယီနေထိုင် အလုပ်လုပ်ကိုင်ခွင့်ရဖို့ မှတ်ပုံတင်ဌာန (ထွေ၊ အုပ်)၊ အလုပ်သမား အကိုင်ရှာဖွေရေးဦးစီးဌာန (DOE)၊ လူဝင်မှုကြီးကြပ်ရေးဗျူရို (လဝက–တောမေ) အစရှိတဲ့ (၃) ဌာနကို ဆက်သွယ်လျှောက် ထားဖို့လိုတယ်။

၅၊ ဝမ်းစတော့ ဆားဗစ်စင်တာ ဆိုတာက တစ်နေရာတည်းမှာ လုပ်ငန်းအားလုံး တစ်ခါတည်း လုပ်နိုင်အောင် ဌာနဆိုင်ရာတွေ စုပြီး ဆောင်ရွက်ပေးတဲ့နေရာ ကိုခေါ်တာ။ အဲဒီမှာ ထွေ၊ အုပ်၊ DOE/ တောမေ စတဲ့ဌာန (၃) ခုက တာဝန်ရှိသူတွေ စုပေါင်းပြီး ဌာနတစ်ခုပြီးတာနဲ့ နောက်ဌာနတစ်ခုက ဆက်တိုက် တစ်ရက်ထဲပြီး အောင်လုပ်ပေးမယ်။ အဲဒါကြောင့် ဝမ်းစတော့ဆား ဗစ်လို့ခေါ်တာ။

၆၊ အဲဒီမှတ်ပုံတင် ကိုင်ဆောင်ထားသူများဟာ သတ်မှတ်ထားတဲ့ အချိန်ကာလတစ်ခုမှာ မိခင်နိုင်ငံမှာ နိုင်ငံသားစီစစ်ခြင်း (ဖိဆုဆန်ချတ်) ပြုလုပ်ပြီး ပတ်စ်ပို့လို့ခေါ်တဲ့ မြန်မာနိုင်ငံ ကူးလက်မှတ် (မနလ) နဲ့ ပြောင်းလဲ ကိုင်ဆောင်ရမယ်။

၇၊ မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေများအရ မနလ လျှောက်မယ်ဆိုရင် မှတ်ပုံတင် + သန်းခေါင်စရင်း တင်ပြနိုင်ရမယ်။

၈၊ ယာယီနိုင်ငံကူး လက်မှတ် (အနီနဲ့ခရမ်းရောင်) ဆိုတာ ထိုင်းနိုင်ငံထဲမှာ ရောက်နေတဲ့ မြန်မာရွှေ့ပြောင်းအလုပ် သမားများ အတွက် ထုတ်ပေးထားတဲ့ အထောက်အထားတစ်ခုပါ။ နိုင်ငံကူးလက်မှတ် (မနလ) မဟုတ်ဘူး။ ထိုင်းနိုင်ငံထဲ ရောက်နေတဲ့ (၃–၄) သန်းလောက်ရှိသော ရွှေ့ပြောင်း အလုပ်သမားတွေကို ချက်ခြင်းနိုင်ငံသားစီစစ်ပြီး မနလ ထုတ်ပေးဖို့ မဖြစ်နိုင်လို့ ထုတ်ပေးထားတဲ့ အထောက်အထားတစ်ခုသာဖြစ်ပါတယ်။

၉၊ ရွှေ့ပြောင်းအလုပ်သမားတစ်ယောက်သည် ထိုင်းနိုင်ငံထဲမှာ မိခင်နိုင်ငံက ထုတ်ပေးထားသော အထောက်အထား (မနလ၊ **CI**) တစ်ခုခုရှိပါက အလုပ်ရှင်သူဌေး အထောက်အထားရှိမှ (၂) နှစ်နေထိုင် အလုပ်လုပ်ကိုင်ခွင့်ပေးမှာဖြစ်ပြီး အလုပ်ရှင်သူဌေးက သဘောတူလျှင် နောက်တစ်ကြိမ် သက်တမ်းတိုးခွင့်ရှိမည်ဖြစ်ကာ စုစုပေါင်း (၄) နှစ် နေထိုင်အလုပ်လုပ်ကိုင်ခွင့်ပြုပါမယ်။ မြန်မာပြည်က ထွက်လာကတည်းက မနလ လျှောက်ကာ အလုပ်ရှင်သူဌေးနဲ့ စာချုပ်ချုပ်ပြီးဝင်လာတဲ့ **MOU** သမားတွေလည်း (၄) နှစ် အတူတူပဲ။

၁၀၊ မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက်၊ ဘတ်နဲ့ အထောက်ထား (ယာယီနဲ့ မနလ) ကိုင်ဆောင်ထားသူများကို ဖိဆုဆန်ချတ် လို့ခေါ်ပြီး မြန်မာပြည်ကနေ အလုပ်ရှင်သူဌေးက စာချုပ်နဲ့ခေါ်လာသူများကို **MOU** လို့ ခေါ်ကာ အုပ်စု (၂) ခုခွဲထားပါတယ်။ **(MOU)** ဆိုတာက ရွှေ့ပြောင်းအလုပ် သမားကိစ္စနှင့်ပတ်သက်သော ထိုင်း–မြန်မာ နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာကိုခေါ်တာ။ အဲဒီစာချွန်လွှာထဲမှာ "ရွှေ့ပြောင်းအလုပ်သမားသည် (၂) နှစ်တစ်ကြိမ်နဲ့ စုစုပေါင်း (၂)ကြိမ်၊ (၄)နှစ်နေထိုင် အလုပ်လုပ်ကိုင်ခွင့်ရှိသည်။ ပြီးလျှင်မိခင်နိုင်ငံသို့ (၃)နှစ် ပြန်လည်နေထိုင်ပြီးမှ နောက်တစ်ကြိမ်ဝင်ရောက် ခွင့်ရှိသည်" လို့ နှစ်နိုင်ငံ သဘောတူကြောင်း လက်မှတ်ရေးထိုးထားတယ်။

၁၁၊ မြန်မာနိုင်ငံအစိုးရနဲ့ မြန်မာသံရုံးက အကြိမ်ကြိမ်တောင်းဆိုလို့ (၄) နှစ်ပြည့်တဲ့ ဖိဆုဆန်ချတ် သမားတွေကို (၂) နှစ် ထပ်မံသက်တမ်းတိုးပေးဖို့ သဘောတူခဲ့ပြီး၊ ဥပဒေကဲ့သို့ အတည်ဖြစ်သော အမိန့်ကြေညာချက် ထုတ်ပြန်ပေးခဲ့ပေမဲ့ **MOU** သမားတွေကတော့ နားလည်မှု စာချွန်လွှာမှာ ပါတဲ့ အချက်ကို ပြန်လည်ပြင်ဆင်မှုရမှာဖြစ်ပါတယ်။ (၄) နှစ်ကနေ တိုးထားလို့ (၆) နှစ်ပြည့် သမားတွေကို ဘယ်လိုလုပ်ရမယ်ဆိုတာ အမိန့်ကြေညာချက် ဥပဒေတွေ မထုတ်ပြန်ထားဘူး။

၁၂၊ လူဦးရေ (၂) သန်းကျော်လောက်ရှိတဲ့ ဖိဆုဆန်ချတ်သမား မြန်မာရွှေ့ပြောင်း အလုပ်သမား တွေဟာ (၄) နှစ်မှာ သက်တမ်းတိုးမရလို့ သေသွား သူတွေနဲ့၊ (၆) နှစ်ပြည့်လို့ သေသွားသူတွေနဲ့၊ ပန်းရောင်ကဒ်ကိုင်ရင်းနဲ့ပဲ သေသွားတဲ့သူနဲ့ တစ်ဖြည်းဖြည်းနဲ့ များလာတဲ့အခါ ထိုင်းအလုပ်သမား ဝန်ကြီးဌာနအဖို့ ခြေမကိုင်မိ လက်မကိုင်မိဖြစ်လာပြီး စီမံချက်တွေချရပါတော့တယ်။

၁၃၊ ထိုင်းနိုင်ငံစစ် အစိုးရလက်ထက်မှာ အဲဒီစီမံချက်ကို အစိုးရအဖွဲ့အစည်းအဝေး (ကက်ဘိနက်) ကို တင်လိုက်တဲ့အခါ ထိုင်းနိုင်ငံရောက်ရွှေ့ပြောင်းအလုပ်သမားတွေကို ပန်းရောင်ကဒ်အသစ် ပြန်ရိုက်ပေးမယ်။ (၂) နှစ်တစ်ကြိမ်နဲ့ စုစုပေါင်း (၄) ကြိမ် သက်တမ်းတိုးနိုင်ပြီး (၈)နှစ်တိတိ နေထိုင်အလုပ်လုပ် ကိုင်ခွင့်ပြုမယ်ဆိုတဲ့ ထိုင်းအစိုးရအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက် ထွက်လာပါတော့တယ်။

ဦးအောင်စိုး (ဘန်ကောက်မြန်မာသံရုံး)

---

# တိုက်စစ်မှူး



"အရယ်အပြုံးလေးများနဲ့
အကြည်ဆုံးမျက်နှာ လေးတွေ"
ငွေလမင်းလား စမ်းရေလား ၊၊၊
"နှလုံးသားမှာ တူမျှမတွေ့ ဘဝမှာပျော်တယ်။"
"ဆည်းလည်းသံလား တေးသံလား
သားတို့ သမီးတို့ စကားချိုတယ်
ဖေဖေကြီးမှာ စိတ်ချမ်းသာပါတယ်။"

ညနေက မိုးသည်းထန်စွာ ရွာချခဲ့လို့ လူလတ်တန်းစားတို့ရဲ့ ရက်ကွက်ထုံးစံအတိုင်း လမ်းပေါ်မှာ ရေတွေတင်နေသည်။ လမ်းကို ကွန်ကရစ်မခင်းနိုင်လို့ လမ်းပေါ်မှာ အစီအရီ ခင်းထားသည့် သဲအိတ်များပေါ် ခပ်ယိုင်ယိုင်နင်းရင်း သီချင်းဆိုလို့ အိမ်ပြန်လာသူက ကိုမြမောင် သူ့လက်ထဲမှာတော့ ခေါက်ဆွဲကြော် တစ်ထုပ်ကိုဆွဲလို့—။

"ဟဲ့... အေးမေ နင့်အသဲကြီး မြမောင်ပြန်လာပြီဟ တံခါးဖွင့်"

သားနဲ့ သမီးကို သိပ်ရင်း ခဏမှေးသွားတဲ့ မအေးမေတစ်ယောက် ပြာပြာသလဲ အိပ်ရာမှထ လိုက်ပြီး တံခါးပြေးဖွင့်လိုက်သည်။

"တိုးတိုးလုပ်ပါ ကိုမြမောင်ရဲ့ ရှင့်သားနဲ့ သမီးက အိပ်နေပြီ"

"အစောကြီးရှိသေးတယ် အိပ်နေကြပြီလားဟ"

"ဩော် စောစရာလား ကိုမြမောင်ရဲ့ ရှင်ပြန်လာတဲ့အချိန်က ၉ နာရီကျော်နေပြီ"

"အေးဟုတ်သား ဆိုင်ထိုင်တာ ကြာသွားတယ် ရော့ခေါက်ဆွဲကြော် သားနဲ့ သမီးစားဖို့ ဒါက ဒီနေ့ရတဲ့ ပိုက်ဆံ နင့်ဖို့" ဇနီးဖြစ်သူ မအေးမေ့လက်ထဲကို ခေါက်ဆွဲကြော်ထုတ်နဲ့ အိပ်ကပ်ထဲက ပိုက်ဆံကို ထုတ်ပေး လိုက်ပြီး သားနဲ့ သမီးအိပ်နေရာသို့ ကိုမြမောင် အသာလှမ်းသွားကာ သားနဲ့သမီးကို အနမ်းတစ်ချက်စီပေးရင်း—။

"ဖေ့မောပြေလေးတွေ"

**********************************************

ကိုမြမောင်တစ်ယောက် အိပ်ရာထဲကို ခြေပစ်လက်ပစ်လှဲအိပ်ချလိုက်ပါတော့သည်။ ဇနီးသည် မအေးမေက ကိုမြမောင်ကိုကြည့်ရင်း—။

"ကိုမြမောင် တော်တော်ပင်ပန်းလာတယ်ထင်တယ်"

ကိုမြမောင်ရဲ့ အသက်က ၄၂ နှစ် သူ့ဇနီး မအေးမေက အသက် ၄၀၊ သူတို့မှာက ၁၃ နှစ်အရွယ် သားတစ်ယောက်နဲ့ ၉ နှစ်အရွယ် သမီးလေးတစ်ယောက်ရှိသည်။ ကိုမြမောင်က အလုပ်ရွေးတတ်သူမျိုးမဟုတ်။ ပန္တည်းသယ်မလား မြေကြီးပေါက်မလား ပန်းရံလုပ်မလား လက်သမားလုပ်မလား ကုန်ထမ်းရမလား အကုန်လုပ်သည်။ သားသမီးနဲ့ ဇနီးကိုလည်း ချစ်သည်။ ဖခင်တစ်ဦး လင်သားတစ်ယောက်ရဲ့ တာဝန်ကို အပြည့်အဝ မထမ်းဆောင်နိုင်သည့်တိုင်အောင် အတတ်နိုင်ဆုံးတော့ တာဝန်ကျေပွန်အောင် ထမ်းဆောင်သည်။ အသောက်အစား လေးနည်းနည်းရှိသည်ဆိုပေမယ့် အလုပ်ပြီးလို့အိမ်ပြန်လာချိန်မှာသာ ဆိုင်ထိုင်ပြီး သောက်လေ့ရှိသည်။ ထို့နောက် သီချင်းများ အော်ဆိုကာ အိမ်ပြန်လာလေ့ရှိသည်။

"ကိုမြမောင် ရှင့်ကိုပြောရဦးမယ်"

"ဘာတုန်း အေးမေရဲ့ ပြောလေ"

မနက်စောစော ကမ်းနားမှာ ကျောက်ထမ်းသွားဖို့ပြင်နေတဲ့ ကိုမြမောင်ကို ဇနီးသည် မအေးမေက အစာပြေစာ ပြင်ပေးနေရင်း ပြောလိုက်ပါသည်။

"ညက ရှင်အိပ်သွားလို့ ကျုပ်မပြောတာ ရှင့်သမီးလေး နေမကောင်းဘူး။ အဲ့ဒါ ဆေးခန်းပြမှ ကောင်းမယ် သားကြီးကလည်း ကျောင်းက ဆရာမက အချိန်ပိုသင်တဲ့ ကျူရှင်ကို တက်ချင်တယ်တဲ့ အဲ့တာ ငွေတစ်သောင်းလောက်လိုနေတယ်။ ရှင့်သူငယ်ချင်းတွေစီက လှည့်လို့ရရင် လှည့်ခဲ့ပေး ပါဦးတော်။"

"အေးပါ ငါကြည့်လုပ်ခဲ့ပါ့မယ် အေးမေရာ"

ကိုမြမောင် တစ်ယောက် အစာပြေစာ စားသောက်ပြီးသည်နှင့် ဘေးမှာချထားသော လွယ်အိပ်ကို ကောက်ဆွဲကာ အလုပ်သို့ထွက်ခွာလာခဲ့ပါတော့သည်။ မိုးလေးတဖွဲဖွဲရွာနေပေမယ့် တစ်နေ့လုပ် တစ်နေ့စားများဖြစ်တဲ့အတွက် မနားနိုင်ကြပါ။ အုတ်သဲကျောက်လုပ်ငန်းတို့ရဲ့ လုပ်ငန်းခွင်ထိုးစံ မြစ်ထဲမှာ ရပ်တန့်ထားတဲ့ ကျောက်သမ္ဗန်၏ ဝမ်းထဲမှ ကျောက်များကို တောင်းများဖြင့် ထမ်းယူသယ်ဆောင်နေကြသူများက ကျောက်တစ် တောင်းကို ကောင်းစွာသယ်ယူနိုင်သည့် ကလေးများနှင့် အရွယ်ရောက်ပြီး မိန်းမများ ယောကျ်ားများ ထိုအထဲမှာ ကိုမြမောင်တစ်ယောက်လည်း အပါအဝင်။

"ကဲကဲ ထမင်းစား နားမယ်ဟေ့ တာလီတွေ လာအပ်ကြ"

အုတ်သဲကျောက် ဒိုင်မှ တာလီစာရေး အော်လိုက်တဲ့ အသံကြောင့် ကျောက်ထမ်းနေကြသူအားလုံး လုပ်လက်စအလုပ်များကို ရပ်လိုက်ကြပြီး မိမိတို့ထမ်းထားသည့် ကျောက်တောင်း အရေအတွက်ကို မှတ်ထားသော တာလီခေါ် တစ်ထွာသာသာခန့် သစ်သားချောင်းလေးများကို တာလီစာရေးထံသို့ အပ်လိုက်ကြပါသည်။ ထိုနောက် နီးစပ်ရာ ထမင်းဆိုင် များကို ဝင်ပြီး ထမင်းစားကြဖို့ ပြင်ဆင်ကြပါတော့သည်။ ထို တာလီခေါ် သစ်သားချောင်းလေး များသည် ညနေအိမ်ပြန်ချိန်မှာတော့ ကျောက်ထမ်း သမား တို့၏ လုပ်အားခ ငွေများဖြစ်လာပေမည်။

"ဘာငိုင်နေတာလဲ မြမောင် ထမင်းစားလေ"

"ဟေ အေး စားမယ်"

ကိုမြမောင်နဲ့ ဘဝတူ ကျောက်ထမ်းသမား ကိုသိန်းဖေက ထမင်းမစားပဲ ငိုင်နေသော ကိုမြမောင်ကို သတိပေးလိုက်မှ ကိုမြမောင် အသိဝင်လာပြီး ထမင်းစားတော့သည်။

"မြမောင် မင်းဒီနေ့ဘာဖြစ်နေတာလဲ ငူငူငိုင်ငိုင်နဲ့"

"ငါ ငွေတစ်သောင်းလောက်လိုနေလို့ သိန်းဖေရ မင်းမှာငွေပိုရှိရင် ငါ့ကို ခဏချေးပါလား"

"ဟ မြမောင်ရ ငါ့ဘယ်က ငွေတစ်သောင်းအပိုရှိမှာတုန်း"

ကိုမြမောင်တစ်ယောက် အိမ်အပြန်မှာ ငွေတစ်သောင်းပါသွားချင်လှသည်။ ဒီနေ့လုပ်အားခက ထန်ကုန်ရလှ ၂၅၀၀ လောက်ဆိုတော့ တစ်နေ့စာ စားစရိတ်သာရှိသည်။

"စိန်ကြီးအကြောင်းကို ဒီကမ်းနားတစ်ခွင် အကုန်သိပါတယ်ကွ ငါ့ကိုနိုင်အောင်လို့ ထိုးနိုင်ရင် ငွေတစ်သောင်း ပေးမယ်ကွာ" အနောက်ကနေ ကြားလိုက်ရတဲ့ အသံကြောင့် ကိုမြမောင်ခေါင်းထောင်သွားသည်။ "စိန်ကြီး" ဒီလူက ဘုရားပွဲ ဈေးပွဲတွေမှာ လက်ဝှေ့ပွဲတွေပါရင် တတ်ထိုးနေကြလူ လူကလည်း အချိန်အားရင်အားသလို လက်ဝှေ့နဲ့ ဝိတ်မခြင်းများကို လေ့ကျင့်နေတဲ့အတွက် တောင့်တင်းသော ကိုယ်ခန္ဓာနဲ့ သန်သန်မာမာရှိသူ။ ကမ်းနားတစ်ခွင်မှာ သူနဲ့ယှဉ်ပြိုင်ပြီး လက်ဝှေ့ထိုးသတ်ရဲသူ မရှိသည့်အတွက် သူကလည်း ပေါ်တင်စိန်ခေါ်ရဲသည်။ ယခုလည်း သူနဲ့အတူတစ်ဝိုင်းထဲ ထိုင်နေသည့် ကျောက်ထမ်းသမားများကို သူ၏ ပြိုင်ပွဲနိုင်ပွဲများအကြောင်း အားရပါးရပြော ပြနေခြင်းဖြစ်သည်။

"ကိုစိန်ကြီး ခင်ဗျားတစ်ကယ်ပြောတာလား တကယ်ပြောတာဆို ခင်ဗျားနဲ့ကျုပ်ထိုးမယ်"

ကိုမြမောင်က စိန်ကြီးကိုကြည့်ပြီး မေးလိုက်တဲ့ အသံအကြောင့် စိန်ကြီးအပါအဝင် ထမင်းဆိုင်အတွင်းမှာ ထမင်းစားနေကြသည့် လူများက ကိုမြမောင်ထံ အကြည့်များ ရောက်ကုန်ကြသည်။

"ဟ မြမောင် အေးအေးဆေးဆေးနေပါကွ"

"တကယ်မေးနေတာ ကိုသိန်းဖေရ"

ကိုမြမောင်အနားကိုကပ်ပြီး စိန်ကြီးနှင့် ထိပ်တိုက်မတွေ့ဖို့ သတိပေးနေတဲ့ ကိုသိန်းဖေကို ကိုမြမောင်က ပြောလိုက်သည်။

"ကဲ.... မြမောင် မင်းက ငါ့အကြောင်းသိချင်တယ်ထင် မင်းငါနဲ့ ယှဉ်ချင်သပဆိုရင် အရှေ့ကသဲကွင်းမှာယှဉ်မယ် တစ်ခုတော့ရှိတယ် မင်းရှုံးရင်တော့ ဆေးဖိုးမပေးဘူး နိုင်ရင်တော့ ငွေတစ်သောင်း မင်းကိုပေးမယ်။"

စိန်ကြီးက ကိုမြမောင်ကို ရိတိတိပြုံးပြပြီး စိန်ခေါ်မှုကို လက်ခံလိုက်ပါသည်။

"မြမောင်ကွ"

"စိန်ကြီးကွ"

သဲကွင်းထဲမှာတော့ လက်ဗွေ့ထိုးကြမည့် ကိုမြမောင်နှင့် စိန်ကြီးတို့နှစ်ဦးကို အားပေးနေကြတဲ့ ကျောက်ထမ်းသမားများ၊

"ယား"

"ဖောင်း"

ကိုမြမောင်က စိန်ကြီးကို ပြေးဖက်လုံးလိုက်သော်လည်း စိန်ကြီးက အတွေ့အကြုံရှိသော လက်ဗွေ့သမားပီပီ ကိုမြမောင်ကို လက်ပျံတစ်ချက် ပစ်ကျွေးလိုက် ပါသည်။ ကိုမြမောင် ချာချာလည်ထွက်သွားသည်။

"ယား"

ဒုတိယတစ်ကြိမ် လက်သီးပြင်ပြီး စိန်ကြီးထံသို့ ကိုမြမောင် ပြေးဝင်လာပြန်သည်။ သို့သော် စိန်ကြီးက ကိုမြမောင်၏ မေးရိုးကို ပင့်ထိုးချလိုက်ပြီး ခါးမှကိုင်မြှောက်ကာ ကိုင်ပေါက်ချ လိုက်လေသည်။

"အား"

ကိုမြမောင် မထူနိုင်တော့ပေ။ မျက်လုံးများပင် ပြာဝေလို့ စိန်ကြီးကို ကောင်းစွာမမြင်ရတော့ပေ။ ကိုသိန်းဖေ ကိုမြမောင် အနားပြေးသွားပြီး။

"မြမောင် ရပ်လိုက်ပါတော့ကွာ အရှုံးပေးလိုက်တော့ မင်းနာနေပြီ"

"၁ ၂ ၃ ၄ ၅ ၆ ၇ ၈"

"ယား"

"ခွပ် ခွပ်"

"အား .... ဝုန်း"

လဲကျသွားခဲ့ပြီ။ လုံးဝပြန်မထနိုင်တော့ပေ။ အရှုံးပေးရန် အမှတ်စဉ် ရေတွက်မှု "၈" အရောက်မှာ ကိုမြမောင် ကျုံးထပြီး စိန်ကြီး၏ အရိုက်နှင့် မေးရိုးကို နှစ်ချက်ဆင့်ထိုးချလိုက်သည်။ စိန်ကြီး၏ ချက်ကောင်းကို ကိုမြမောင်မှ လျှက်တပြက် ထိုးချလိုက်မှုကြောင့် စိန်ကြီးခမျာ မလွတ်နိုင်တော့ ရပ်ကြည့်နေသော ကျောက်ထမ်းသမားများသည်လည်း အံ့အားသင့်စွာဖြင့် ကိုမြမောင်ကို ကြည့်နေကြလေသည်။

"အရယ် အပြုံးလေးများနဲ့

အကြည်ဆုံး မျက်နှာလေးတွေ"

ငွေလမင်းလား စမ်းရေလား....

"နှလုံးသားမှာ တူမျှမေတ္တာ ဘဝမှာပျော်တယ်။"

"ဆည်းလည်းသံလား တေးသံလား"

"သားတို့ သမီးတို့ စကားချိုသာတယ်။"

"ဖေဖေကြီးမှာ စိတ်ချမ်းသာပါတယ်"

"အေးမေရေ အေးမေ တံခါးဖွင့်ဟ"

"အမလေး ကိုမြမောင် ရှင့်မျက်နှာ ရန်ဖြစ်လာတာလား"

"ဟာ မဟုတ်တာ အေးမေရာ ငါဘယ်တုန်းက ရန်ဖြစ်ဖူးလို့လဲဟ"

"ဟုတ်ပမလား ကိုမြမောင်ရယ် ရှင့်မျက်နှာကြီးက ယောင်ကိုင်းနေတာ"

"လျှာရှည်မနေနဲ့ တိတ်တိတ်နေ ကလေးတွေအိပ်နေကြပြီမှတ်လား ရော့ခေါက်ဆွဲကြော် ဒါကနင်မနက်ကပြောတဲ့ ငွေတစ်သောင်းနဲ့ ငါ့လုပ်အားက ငွေ"

ကိုမြမောင်တစ်ယောက် သားနှင့်သမီးအိပ်နေရာသို့ အသာလှမ်းသွားပြီး သားနဲ့သမီးကို အနမ်းတစ်ချက်စီပေးလိုက်ပါသည်။ ထို့နောက် သားနှင့်သမီးလေးကို တစ်ချက်စိုက်ကြည့်ရင်း.....

"အဖေ့အမေ ပြေလေးတွေ" ဟုပြောပြီး မိမိအိပ်ရာမှာ ပစ်လှဲပြီး အိပ်ချလိုက်ပါတော့သည်။

မိုးမြင့်(လူထဲကလူ)

မြန်မာပြည်သားစာစောင် မှာ

အလှူငွေ ထည့်ဝင်ကြပါ။

မြန်မာပြည်သား ဘလော့ဂ်မှ နေ့စဉ်တင်သော သတင်း အချက်အလက်များကို သောင်ရင်းနဂါး ဖေ့(စ်)ဘုတ် (http:://www.thaungyinnagar.facebook) တွင်လည်းကောင်း၊ နဂါးသောင်ရင်း တွစ်တာ (http:://www.nagarthaungyin.twitter) တွင်လည်းကောင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

## မြန်မာပြည်သား စာစောင် ၂၀၁၆ မေလ အလှူရှင်များစာရင်း

မယ်ပင်း (ကျောက်ခွဲစက်မှ မြန်မာလုပ်သားများ ၂၅၀ ဘတ်၊ ဦးကျော်သူရိန် (မီးပြင်ဆရာ) ၁၀၀ ဘတ်၊ မရိုင်ဈေးဆိုင် (ကြယ်ဒီနို့တိုက်နယ်) ၁၀၀ ဘတ်၊ မသင်းမော်-ဈေးဆိုင် ၁၀၀ ဘတ်၊ နော်ယင်းမာ (အမိုး) ထမင်းဆိုင် ၁၀၀ ဘတ်၊ မိသားစု-ထမင်းဆိုင် ၁၀၀ ဘတ်၊ မစံဈေးဆိုင် (ဘန့်ဖလက်ရွာ) ၂၀၀ ဘတ်၊ ကိုသန့်ဇင် – မသီတာ (စအိုတိုက် နယ်) ၂၀၀ ဘတ်၊ ဦးဇော်ဦး (၃၉ ကီလိုမီတာ) ၁၀၀ ဘတ်၊ မသီတာ-ဈေးဆိုင် (ဂျဲဂွာ စတီးစက်ရုံ) ၂၀၀ ဘတ်၊ ဦးအာလော (၃၆ ကီလိုမီတာ) ၁၀၀ ဘတ်၊ မယ်ပတိုက်နယ် ဗာတီကယ်ပွိုင့် (ရန်ကုန်ရုံ) ၂၀၀ ဘတ်၊ ငွေပန်းတိမ် ဦးဝင်းမောင် ၂၀၀ ဘတ်၊ ကိုဇော်လတ် (မနုတ်ရုံ) ၂၀၀ ဘတ်၊ ဆရာဦးတင်ဖေ ၁၀၀ ဘတ်၊ မဲဆောက်မြို့ မယ်တော်လောစုရပ်ကွက် မန်ကျည်းပင်စက်ရုံမှ ၁၀၀ ဘတ်၊ မအေးဈေးဆိုင် ၁၅၀ ဘတ်၊

မည်သူမဆို မြန်မာပြည်သားစာစောင်နှင့် နေ့သစ်အလယ်တန်းကျောင်းအတွက် အလှူငွေများ၊ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး စာမူများ၊ ဝေဖန်အကြံပြုချက်များကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ပါသည်။ မိမိတို့ တွေ့ကြုံရသော အဖမ်းအဆီးနှင့် နှိပ်စက်ခံရမှု၊ အနိုင်ကျင့်ခံရမှု သတင်းအချက်အလက်များကိုလည်း ပေးပို့နိုင်ပါသည်။ ဖုန်းသာခေါ်လိုက်ပါ။

(ဤစာစောင်ကို လစဉ်ပုံမှန် ထုတ်ဝေနိုင်ရေးအတွက် အလှူငွေများ ထည့်ဝင်ကြ ပါရန် ပန်ကြားအပ်ပါသည်။ ဤစာစောင်ကို လစဉ်မပျက် ထုတ်ဝေခဲ့သည်မှာ ယခုအခါ ၁၀ နှစ်နဲ့ ၉ လ ပြည့်ခဲ့ပါပြီ)

## ဘေးလေးဘေး အလှူရှင်များစာရင်း

(၁) မဲဆောက်မြို့ ဘန့်ဆောင်ခွဲရပ် ခြေစွပ်ရုံ- ၃၆၀ ဘတ်
(၂) မဲဆောက်မြို့ ဝေ့မုကျေးရွာ ဖိလွန်းစက်ချုပ်ရုံ- ၁၃၆၀ ဘတ်
(၃) မဲဆောက်မြို့ ဘန့်ဆောင်ခွဲရပ် ခြေစွပ်ရုံ ဒုတိယအကြိမ် ၂၉၀ ဘတ်
(၄) မဲဆောက်မြို့ ဘန့်နူရာရပ် ကိုရီးယား အထည်ချုပ်စက်ရုံ ၈၄၁ ဘတ်
(၅) မဲဆောက်မြို့ ဝေ့မုကျေးရွာ ဖိုင်းမွန်းဝယ်ရာ စက်ရုံမှ ၄၆၄ ဘတ်
(၆) မဲဆောက်မြို့ မယ်တော်လောစုရပ်ကွက် မန်ကျည်းပင်စက်ရုံမှ ၂၀၀ ဘတ်
(၇) မဲဆောက်မြို့ ဘန့်ဆောင်ခွဲရပ် ခြေစွပ်ရုံ တတိယအကြိမ် ၂၄၀ ဘတ်

ထိုင်း-မြန်မာနယ်စပ်က တို့မြန်မာပြည်သားတွေရဲ့ ရုန်းကန်လှုပ်ရှားမှုနဲ့ ဘဝအမောများ... သောကအပူတွေကို နေ့စဉ်အသစ်တင်နေတဲ့ မြန်မာပြည်သားဘလော့ဂ်မှာ တက်ဖတ်ပါ...။ သင့်အတွက်... လာပြီ... လာပြီ... လာပြီ မြန်မာပြည်သားဘလော့ဂ်...။
**Ph- 085 602 3573**
**Blog jacbaburma.blogspot.com / Ph- 087 308 9680**

မြန်မာပြည်သားစာစောင်

**ဂုဏ်ထူးဆောင်နာယက-ဒေါ်စန်းစန်း-(MPU)**

***အတိုင်ပင်ခံ အယ်ဒီတာ ကျော်သက်ထွေး***

***တာဝန်ခံ အယ်ဒီတာ- ဆန်တာကလော့စ်***

**ဝိုင်းတော်သားများ ရဲရင့်အောင်၊ ကာတွန်း ဒွဲနိုး**

**မှုဝံ (ဗုတ်ဗရား)**
**ဒေလီယာ**
**ကျော်သူရိန်**

**JACBA**
**c/o.. PO.Box (70)**
**Mae Sot, Tak(63110)**
**Thailand**

**E-mail- jacbaburmese@gmail.com**
**newdayjacba@gmail.com**
**Blog- jacbaburma.blogspot.com**
**Ph- 085 602 3573**
**Ph- 087 3089 680 (Dtac)**

## ** ဘေးလေးဘေး အသိပေးကြေညာချက် **

မဲဆောက်မြို့တွင် အလုပ်ရှင်က ဖမ်းခိုင်း၍ အဖမ်းခံ ရသော မြန်မာအလုပ်သမား ၇ ဦးအတွက်လည်းကောင်း၊ အခြားသော အကူအညီလိုအပ်သော မြန်မာအလုပ်သမား အချို့အတွက်လည်းကောင်း၊ ရဲအချုပ်ခန်းထဲတွင် ထမင်းမဝကြသော အချုပ်သားအချို့ အားလည်းကောင်း၊ ဆန္ဒပြကြသော မြန်မာအလုပ်သမားအချို့အား နေ့လယ်စာ၊ ညနေစာ ကျွေးမွေးခြင်း၊ တို့အားလည်းကောင်း၊ ဘေး လေးဘေး ရံပုံငွေထဲမှ ထောင်ဂဏန်းမျှ ထုတ်ယူသုံးစွဲသကဲ့သို့ ဆက်လက်ပြီးတော့လည်း၊ ဖမ်းဆီးခံ မြန်မာလုပ်သား ၂၇ ဦးကို နေရပ်ပြန်ပို့ရာတွင်လည်း၊ (ဘေး လေး ဘေး) အလှူငွေများ ဆက်လက်ရရှိနေဆဲဖြစ်ကြောင်း၊ မည်သို့အသုံးပြုသည်ကို ကြေညာသွားမည် ဖြစ် ကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။ တဆက် တည်းမှာ ပင် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ မဲဆောက်မြို့ မယ်ပင်းကျောက်စက်နယ်မြေရှိ အသက် ၇၀ အရွယ် ဇနီးမောင်နှံ၏ နေအိမ် မီးလောင်မှုတွင် လက်ကျန်ငွေမှ (၂၀၀၀) ဘတ် သုံးစွဲ ခဲ့ပြီးဖြစ်ကြောင်း အသိပေး အပ်ပါသည်။

**ဆရာမိုး-085 602 3573**
မဲဆောက်မြို့နယ်လုံးဆိုင်ရာ
လူမှုကူညီရေးအသင်း

ငါတို့ လုပ်တယ်-ဒါကြောင့် ငါတို့ ဖြစ်တယ်

***WE DO, SO WE ARE (JACBA)***




## အထူးသတိပေးချက်

၁။ ယာယီပတ်စ်ပို့ ကိုင်ဆောင်ထားသူများ ရက် ၉၀ ဧည့်စာရင်းတိုင်လျှင် ကြိုတင် ၇ ရက် ရပါသည်။ နောက်ကျ ၁ ရက်မှ မရပါ။ နောက်ကျလျှင် စာအုပ်အသိမ်းခံရပါလိမ့်မည်။

၂။ ယာယီပတ်စ်ပို့ ကိုင်ဆောင်ထားသူ ၄ နှစ် ဗီဇာသက်တမ်းပြည့်သူများသည် သက်တမ်းပြည့်ရန် ၁ လအလိုထက် နောက်မကျပဲ သက်တမ်းတိုးရပါမည်။ ၄ လ ကြိုတင်ဆောင်ရွက်လျှင်လည်း ရပါသည်။ ၁ လထက် နောက်ကျပြီး သက်တမ်းတိုးလျှင် မရတော့ပါ။ အထူးသတိထားကြပါကုန်။ **(JACBA)**

**သေချာဖတ်သား– အရေးကြီးဖုန်းနံပါတ်များ**
**ထိုင်းအလုပ်သမားဝန်ကြီးဌာန အရေးပေါ်လိုင်း (1694)**
**(မြန်မာဘာသာဖြင့် ပြောနိုင်သည်။)**
**ထိုင်းနိုင်ငံဆိုင်ရာ အလုပ်သမားသံအရာရှိသစ်– ဦးမိုးအောင်ခိုင်နှင့် ဦးအောင်ကိုသန်း ရုံး (083 079 1765)**
**ထိုင်းနိုင်ငံလုံးဆိုင်ရာ မြန်မာရွှေ့ပြောင်းအလုပ်သမား ကွန်ရက်ကြီးခေါင်းဆောင် ဆရာမိုး (085 602 3573)**